

# ကံဆိုတာအကျိုးပေးတတ်တဲ့ သဘောရှိတယ်

ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ
(ကျိုက္ကလော့ ဆရာတော်)

# ကံဆိုတာ

# အကျိုးပေးလတ်တဲ့သဘောရှိတယ်

ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ

( ကျိုက္ကလော့ဆရာတော် )

အမှတ် ...
ရက်စွဲ ...
စာကြည့်တိုက်

အမိအဘတို့၏ ဂုဏ်ကျေးဇူး
တို့ကို ရည်မှန်း၍ ဦးတင်ငြိမ်း +
ဒေါ်မိုမိုလှိုင် သားမောင်ဟန်ချစ်
လှိုင်၊ သမီး ငြိမ်းဝါလှိုင် မိုးပွင့်ဖြူ
သားမောင်အေးဇော် (Holiday)
ဟောလီးဒေးစားသောက်ဆိုင်
မိသားစုတို့၏ စတုတ္ထအကြိမ်
မြောက် သကြန်အထူး တရား
ပွဲကြီး၏ ဓမ္မဒါနအလှူတော်။

# ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ
## ကျိုက္ကလော့ဆရာတော်

ယနေ့ ၁၃၆၃–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၂) ရက်နေ့ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အမှတ်(၅၁) နေ ဟောလီဒေး စားသောက်ဆိုင်များဖြစ်ကြတဲ့ ဦးတင်ငြိမ်း+ဒေါ်မို့မို့လှိုင်၊ သား မောင်ဟန်ချစ်လှိုင်၊ သမီး မငြိမ်းဝါလှိုင်၊ မမိုးပွင့်ဖြူ၊ သား မောင်ဇော်မိသားစုတို့က ကွယ်လွန်လေပြီးသော မိဘများအား ရည်စူးပြီးတော့ မိမိတို့မိသားစုရဲ့ ချမှတ်ထားတဲ့ ဓမ္မလမ်းစဉ်အတိုင်း ဆည်းဆာညနေ တရားပွဲများ ပြုလုပ်ကြတာ ဖြစ်ပါတယ်။

ယခု ဒုတိယမြောက်နေ့အဖြစ် တရားပွဲချီးမြှင့် ပေးဖို့ရာ ဘုန်းတော်ကြီးများ တာဝန်ကျပါတယ်။ ဒါကြောင့် ဒီနေ့ညမှာ အားလုံးသော တရားနာပုဂ္ဂိုလ် သူတော်စဉ်တို့အား ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ ဓမ္မဒေသနာများမှ ထုတ်နှုတ်ပြီးတော့ အသိဉာဏ်ဖြစ်ဖို့ ဓမ္မဒေသနာများ ဆက်လက်ပြီး ဟောကြားပေးမှာ ဖြစ်ပါတယ်၊ ဒီတော့ (၃၁)ဘုံတွင် ကျင်လည် နေကြတဲ့ လူနတ် ဗြဟ္မာ ပုဂ္ဂိုလ်တိုင်းဟာ ကံလမ်း၊ ဉာဏ်လမ်း ဆိုပြီးတော့ လမ်းနှစ်လမ်းနဲ့ လျှောက်လှမ်းနေကြတယ်။

## ကံလမ်းနှင့်ဉာဏ်လမ်း

'(၃၁)ဘုံ ကျင်လည်နေကြတဲ့ ပုဂ္ဂိုလ်များဟာ လမ်းဘယ် နှစ်လမ်းနဲ့ လျှောက်နေကြလဲ"

"နှစ်လမ်းပါဘုရား"

"အချို့ အချို့ပုဂ္ဂိုလ်တွေက ကံလမ်းကလျှောက်တယ်၊ အချို့ အချို့ပုဂ္ဂိုလ်တွေက ဉာဏ်လမ်းကလျှောက်တယ်၊ ကံလမ်း လျှောက်တဲ့ပုဂ္ဂိုလ်တွေရဲ့ သံသရာလမ်းဟာ ရှည်ပြီး ဉာဏ်လမ်းက လျှောက်တဲ့ပုဂ္ဂိုလ်တွေရဲ့ သံသရာလမ်းဟာ တိုပါတယ်။

"အဲဒီလို နှစ်မျိုးရှိတဲ့အထဲမှာ ဘုန်းကြီးတို့ ယနေ့ သူတော် ကောင်းတို့ကို ကျေးဇူးပြုပေးမယ့်လမ်းဟာ အဓိကအားဖြင့် ကံလမ်း ပါ၊ ဘာလမ်းလဲ"

"ကံလမ်းပါဘုရား"

"အဲဒီတော့ ကံလမ်းနဲ့ပတ်သက်တဲ့ မှတ်သားဖွယ်ရာ ဗဟု သုတလေးတွေ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သဗ္ဗေသတ္တာ၊ ကမ္မဿကာ၊ ကမ္မံ သတ္တေ ဝိဘဇတိ၊ ဟီန ပဏီတတာယ၊ နစိန္တာယ သမိဒ္ဓိနောလို့ ဟောကြားတော်မူခဲ့ပါတယ်။ သဗ္ဗေ သတ္တာ ကမ္မဿကာ လောကမှာရှိကြတဲ့ အားလုံး သော သတ္တဝါတို့သည် ကံသာလျှင် အားကိုးရှိကြလေကုန်၏။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြလေကုန်၏။ ကမ္မံ သတ္တေ ဝိဘဇတိ၊ ကံရဲ့အစီအမံကို ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူးတဲ့။ ဟီန ပဏီတ ဘာဝါယ၊ န စိန္တာယ သမိဒ္ဓိနော၊ ယုတ်နိမ့်တဲ့ ပုဂ္ဂိုလ်ကလည်း ကံရဲ့ အစီအမံအတိုင်း မြင့်မြတ်ပါတယ်ဆိုတဲ့

ပုဂ္ဂိုလ်ကလည်း ကံရဲ့ အစီအမံအတိုင်း အဲဒီလို ကံရဲ့ အစီအမံအတိုင်း ခံနေကြရတဲ့ ပုဂ္ဂိုလ်တွေချည်းပါပဲ။ ကိုယ့်ရဲ့ အလိုဆန္ဒနဲ့ ပြုပြင်လို့ ဘာတစ်ခုမှ မရပါဘူးလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောကြားတော် မူခဲ့ပါတယ်။ ဒီတော့ ဒါလေးကို အခြေခံပြီးတော့ ဘုန်းကြီးတို့ ဒီနေရာမှာ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ ညွှန်ကြားဆုံးမ ဩဝါဒပေးတော်မူတဲ့ ဓမ္မဒေသနာက ၃၁–ဘုံ ကျင်လည်နေကြတဲ့ ပုဂ္ဂိုလ်များအတွက် အဓိကအကြောင်း တရားသည် ကံဆိုတဲ့ တရားပဲလို့ ဟောချက်ချလို့ ရပါတယ်။ ၃၁–ဘုံ ကျင်လည် နေကြတဲ့ ပုဂ္ဂိုလ်များရဲ့၊ ၃၁–ဘုံ ကျင်လည်ခြင်းရဲ့ အဓိက အကြောင်းတရားသည် ကံလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တိုင် ညွှန်ပြပေးတော်မူခဲ့ပါတယ်။ ပဋိစ္စသမုပ္ပါဒ် တရားတော်မှာ အဝိဇ္ဇာ၊ တဏှာ၊ ဝသေန၊ ဒွေမူလာနိတဲ့။ သံသရာကျင်လည်ခြင်းရဲ့ အကြောင်းတရားကို အဝိဇ္ဇာတရားနဲ့ တဏှာ တရားနှစ်ပါးအဖြစ်နဲ့ ညွှန်ပြပေး ထားပါတယ်။ ဒါလည်းပဲ အားလုံး အသိဖြစ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ် တရားတော်မှာ အဝိဇ္ဇာတရားနဲ့ တဏှာတရား နှစ်ပါးကို သံသရာကျင်လည်ခြင်းရဲ့ အကြောင်းရင်း တရားခံအဖြစ်နဲ့ ညွှန်ပြ ပေးထားခဲ့သော်ငြားလည်းပဲ အဲဒီ အဝိဇ္ဇာတရား၊ တဏှာတရား နှစ်ပါးက သူတို့ကိုယ်တိုင် မျိုးစေ့အဖြစ်နဲ့ အပင်ပေါက်အောင် ဆောင်ရွက်မပေးနိုင်ကြပါဘူး။ သူတို့ကိုယ်စား ကံဆိုတဲ့ တရားကို ဘဝဆိုတဲ့ အပင်တစ်ခုပေါက်အောင် အဝိဇ္ဇာနဲ့ တဏှာ နှစ်ပါးက တာဝန်လွှဲရပါတယ်။ အဝိဇ္ဇာ၊ တဏှာတည်းဟူသော [illegible]

နှစ်ပါးမှာ အဝိဇ္ဇာတရားက ဒုက္ခကို ဒုက္ခမှန်းမသိအောင် ဖုံးကွယ်ထားတော့ တဏှာဆိုတဲ့ တရားက မြင်မြင်သမျှသင်္ခါရတရားတွေကို အားလုံးနှစ်သက်စရာလို့ ထင်နေတယ်၊ အဲဒီလို ထင်မြင်နေတော့ ဉပါဒါန်ကလည်း စွဲလန်းစရာလို့ ထင်နေတယ်၊ အဝိဇ္ဇာ တဏှာ ဉပါဒါန်တရားသုံးမျိုး ပူးပေါင်းလိုက်တဲ့အခါကျတော့ လောကမှာရှိကြတဲ့ အားလုံးသောတရားတွေ၊ မြင်မြင်သမျှ သင်္ခါရတရားတွေဟာ သာယာစရာ၊ နှစ်သက်စရာ၊ ခင်မင်စရာ၊ စွဲလန်းစရာကောင်းတယ်။ ဒီလိုမြင်နေကြတယ်။ အဲဒီအမြင်တွေ ရောက်လာတော့ မြင်မြင်သမျှ သင်္ခါရတရားတွေ အပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါ၊ သူ၊ ငါ၊ ယောက်ျား၊ မိန်းမဆိုတဲ့ အမြင်တွေနဲ့ မရ့ရအောင် အမျိုးမျိုး ကြိုးပမ်းလာကြတယ်။ အဲဒီလို ကြိုးပမ်းတဲ့အဆင့်ကျတော့ ကာယကံနဲ့လည်းကြိုးပမ်း၊ ဝစီကံနဲ့လည်း ကြိုးပမ်း၊ မနောကံဆိုတဲ့ စိတ်ထဲကလည်းကြံစည်ကြိုးပမ်းတဲ့အခါမှာ သတ္တဝါတွေရဲ့ သန္တာန်မှာ ကာယကံရယ်၊ ဝစီကံရယ်၊ မနောကံရယ်ဆိုတဲ့ ကံလေးတွေ ဖြစ်ပေါ်လာကြတယ်။ အဲဒါကြောင့်မို့လို့ အဝိဇ္ဇာ တဏှာ တရားနှစ်ပါးသည် သံသရာ ကျင်လည်ခြင်းရဲ့အကြောင်းတရား နှစ်ပါးအစစ်လို့ ပြောပေမင့် ပြောကြားသော်လည်းပဲ သူတို့သက်သက်နဲ့တော့ သံသရာ မကျင်လည်နိုင်ဘူးဆိုတာ မှတ်ပါ၊ သံသရာကျင်လည်အောင်ဆိုပြီးတော့ အဝိဇ္ဇာတရား တဏှာတရားတွေဟာ ကံဆိုတဲ့တရားကို တစ်ဆင့်ပြန်ပြီး စေခိုင်းလိုက်ကြတယ်။

"ဒီလိုစေခိုင်းလိုက်တဲ့အခါမှာ ကာယကံ၊ ဝစီကံ၊ မနောကံ တွေက အားထုတ်ဆောင်ရွက်ကြတယ်။ အဲဒီအားထုတ်ဆောင် ရွက်မှုကြောင့် ကမ္မဘဝပစ္စယာ၊ ဇာတိဆိုပြီးတော့ ခန္ဓာငါးပါး ရလာတယ်။

## သံသရာကျင်လည်ခြင်းရဲ့လက်သည်တရားခံ

အဲဒီတော့ နောက်ပိုင်းက ကြိုးကိုင်တာက အဝိဇ္ဇာ တဏှာ ဖြစ်ပင်ဖြစ်ငြားသော်လည်းပဲ တရားခံအဖြစ်နဲ့ ဆောင်ရွက်တာ ကတော့ ကံလို့ပြောရခြင်းဖြစ်တယ်။ ဒီတော့ သံသရာကျင်လည် ခြင်းရဲ့ အကြောင်းရင်းတရားသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် အလိုအရ အဝိဇ္ဇာနဲ့ တဏှာ။ သို့သော်လည်းပဲ ကံဆိုတဲ့ တရားသည် သံသရာကျင်လည်ခြင်းရဲ့ အဓိကတရားခံပဲလို့ ဘုန်းကြီးတို့ ပရိသတ် ဒီလိုမှတ်ရပါ့မယ်။ မိမိသဏ္ဍာန်မှာ ကံဆိုတဲ့တရားရှိရင် ဘဝတစ်ခု အကျိုးပြုမှာ ဖြစ်ပါတယ်။

"အဲဒီဘဝမှာလည်းပဲ ကောင်းကျိုး ဆိုးကျိုး နှစ်မျိုး၊ အမျိုးမျိုး ဖြစ်ပေါ်လာနိုင်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆာယာဝ အနုပါယိနီလို့ ဒီလိုဟောကြားထားတယ်။ မိမိတို့ပြုလုပ်တဲ့ ကုသိုလ်ကံဖြစ်စေ၊ မိမိတို့ပြုလုပ်တဲ့ အကုသိုလ်ကံဖြစ်စေ၊ မိမိတို့ သဏ္ဍာန်မှာ ဘဝများစွာ သံသရာခရီးလမ်းတစ်လျှောက် အရိပ် သဖွယ် နောက်က လိုက်ပါနေတယ်လို့ ဟောကြားတော်မူခဲ့ ပါတယ်"

## ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်အောင်

အရိပ်သဖွယ် နောက်ကလိုက်ပါနေတယ် ဆိုတာကတော့ တင်စားပြီးတော့ ပြောလိုက်တာပါပဲ။ တကယ်တန်းအစစ်က ကံဆိုတာ စေတနာ၊ စေတနာဆိုတာ နာမ်တရားဖြစ်ပြီးရင် ပျက်တယ်၊ ပျက်ပြီးတော့ သတ္တိကျန်တယ်။ သတ္တိက အကျိုးပေးတာကို ပြောတာပါ။ ကံဆိုတဲ့ တရားက မပျက်မစီး တည်တံ့ပြီး အကျိုးပေးခြင်းမဟုတ်ပါဘူး။ ဒီလိုလည်းပဲ ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်ထားရမယ်။ အဲဒီတော့ ဗုဒ္ဓဘာသာဝင် တစ်ယောက်ရယ်လို့ ဖြစ်လာပြီဆိုရင် ကံ,ကံ၏အကျိုးကို မယုံကြည်လို့ မရဘူး၊ ယုံကိုယုံကြည်ရမယ်။ ကံ,ကံ၏အကျိုးကို ယုံကြည်မှ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဖြစ်တယ်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ရှိမှလည်း ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်တယ်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် မရှိရင် ဗုဒ္ဓဘာသာဝင် မဖြစ်ပါဘူး၊ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ သဏ္ဌာန်မှာ ဗုဒ္ဓဘာသာဝင် စစ်,မစစ် စစ်တမ်းထုတ်ချင်ပါတယ်ဆိုရင် ကံ,ကံ၏အကျိုးကို ယုံသလား၊ မယုံဘူးလားဆိုတာကို စစ်တမ်းထုတ်ဖို့ ရှိပါတယ်။ ကံ,ကံ၏အကျိုးကိုယုံ၊ ယုံရင် ဗုဒ္ဓဘာသာဝင် ဖြစ်တယ်၊ မယုံရင် အဲဒီပုဂ္ဂိုလ် ဗုဒ္ဓဘာသာဝင် မဖြစ်ပါဘူး။ ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် ကံ,ကံ၏အကျိုးကို ယုံကြည်တယ်"

## ကံလေးမျိုး

"အဲဒီယုံကြည်တဲ့ ကံက ဘယ်နှစ်မျိုးရှိသလဲဆိုတော့ ကံ. အမျိုးအစားတွေ အများကြီးရှိပါတယ်။ အကြမ်းဖျင်း ခွဲလိုက်မယ် ဆိုရင် ကောင်းတဲ့ကံ၊ မကောင်းတဲ့ကံ၊ အမျိုးအစားအားဖြင့် ထပ်ပြီး ခွဲလိုက်မယ်ဆိုရင် ပါဠိလိုတော့ ဒိဋ္ဌဓမ္မဝေဒနီယကံရယ်၊ ဥပပဇ္ဇ ဝေဒနီယကံရယ်၊ အပရာပရိယဝေဒနီယကံရယ်၊ အဟောသိ ကံရယ်၊ အုပ်စုတစ်စုမှာ လေးမျိုးရှိတယ်၊ ကဲ–ပရိသတ် ဘယ်နှစ်မျိုးပါလဲ"

"လေးမျိုးရှိပါတယ်ဘုရား"

"လေးမျိုးရှိတယ်နော်။ အဲဒီမှာ ဘယ်ကံပဲဖြစ်ဖြစ် ကံဆိုရင် ခုနကပြောသလို အကျိုးပေးမယ့်သဘောရှိတယ်၊ ကောင်းတာ လုပ်ရင် ကောင်းတဲ့အကျိုး ပေးမယ်။ မကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုးပေးမယ်။ အဲဒီတော့ ကောင်းတာကို အဖြူကံ လို့ သဘောထားရင် အဖြူကံလုပ်ရင် အဖြူအကျိုးပေးမယ်။ မကောင်းတာကို အမည်းကံလို့ သဘောထားမယ်ဆိုရင် မကောင်း တာလုပ်ရင် အမည်းအကျိုးပေးမယ်။ အမည်းကံလုပ်ရင် အမည်း အကျိုးပေးမယ်၊ အဖြူကံလုပ်ရင် အဖြူအကျိုးပေးမယ်၊ ကောင်းကျိုးချမ်းသာတွေနဲ့ တွေ့ကြုံရတဲ့ပုဂ္ဂိုလ်တစ်ယောက်ရဲ့ သန္တာန်မှာ ဘာကံတွေ လုပ်ခဲ့သလဲလို့မေးရင် အကျိုးကို ကြည့်သောအားဖြင့် အကြောင်းကို အဖြေထုတ်လို့ရပါတယ်။ ဘာကံတွေလုပ်ခဲ့တုန်း။ ကောင်းတဲ့ကံတွေလုပ်ခဲ့တာပေါ့။ မကောင်း တဲ့အကျိုး မခံစားရဘူး။ တစ်ယောက်ရဲ့သန္တာန်မှာ ဘာကံတွေ

လုပ်ခဲ့သလိုဆိုရင် မကောင်းတဲ့ကံတွေ လုပ်ခဲ့တယ်၊ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးက ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာ ဂတော အာဟ–လောကမှာ အကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးပဲရှိတယ်။ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီး ဟောကြားတော်မူတဲ့ တရားကိုယူပြီးတော့ ရှင်အဿဇိ မထေရ်မြတ်ကြီးက အရှင်သာရိပုတ္တရာရဲ့ အလောင်းဖြစ်တဲ့ ဥပတိဿကို ဒီအတိုင်းပဲ ဟောပြတော်မူတယ်။ လောကမှာ အကြောင်းတရားနဲ့ အကျိုးတရား ဘာတရားလဲ"

"အကြောင်းတရားနဲ့ အကျိုးတရားပါဘုရား"

"ဒါကြောင့်မို့လို့ ဖြစ်ပေါ်လာတဲ့အကျိုးတရားမှန်သမျှ အကြောင်းတရားမကင်းဘူး။ အကြောင်းတရားရှိလို့ အကျိုးတရား ဖြစ်တယ်၊ ဖြစ်ပေါ်လာသမျှ၊ အကျိုးတရားမှန်သမျှ အကြောင်း ကြောင့်ဖြစ်တယ်။ အဲဒါကြောင့် အကြောင်းတရားမှန်ရင် အကျိုး ပေးကိုပေးတယ်၊ သို့သော် ကံလေးမျိုးမှာ အားလုံးဟာ လောလော လတ်လတ် အကျိုးပေးသလားဆိုတော့ မပေးနိုင်ပါဘူး။ ကံရဲ့ သဘောတရားက လေးမျိုးရှိတယ်။ နံပါတ်(၁)ဖြစ်တဲ့ ကံ ဒိဋ္ဌဓမ္မ ဝေဒနီယကံက ဘယ်မှာအကျိုးပေးမလဲဆိုရင် ပစ္စုပ္ပန် ဘဝမှာ အကျိုးပေးမယ်။ ဘယ်မှာအကျိုးပေးမှာလဲ"

"ပစ္စုပ္ပန်ဘဝမှာ အကျိုးပေးမှာပါဘုရား"

"ဥပပဇ္ဇဝေဒနီယကံက ဒီဘဝမှာ အကျိုးမပေးဘူး။ ဒါပေမယ့် ကမ္မသတ္တိတွေကတော့ ရှိနေတယ်။ ကံရဲ့သတ္တိက ဘယ်ကျမှ အကျိုးပေးမလဲဆိုတော့ ဒုတိယဘဝမှာ အကျိုးပေးတယ်၊ ပဋိစ္စ

သမုပ္ပါဒ်နည်းနဲ့ကြည့်မယ်ဆိုရင် ကမ္မပစ္စယာဇာတိကံတည်းဟူသော အကြောင်းတရားကြောင့် ဇာတိဖြစ်တယ်လို့ဆိုပါတယ်။ အဲဒါက ဒုတိယမြောက်ကံ၊ နောက်တတိယမြောက်ကံကျတော့ ဒီဘဝမှာလည်း အကျိုးမပေးဘူး၊ ဒုတိယဘဝမှာလည်း အကျိုးမပေးဘူး။ ဘယ်ကျမှ အကျိုးပေးမလဲဆိုရင် တတိယမြောက်ဘဝမှစပြီးတော့ ဟိုးနိဗ္ဗာန်ရောက်တဲ့အထိ ကြားကာလမှာ အလျင်းသင့်သလို အကျိုးပေးမယ်၊ ဒီလိုကံမျိုးလည်း မရှိဘူးလား၊ ရှိလား"

"ရှိပါတယ်ဘုရား"

"ဒီလိုကံမျိုးလည်း ရှိတာပဲ။ နောက်တစ်ခါ နံပါတ်(၄)က အဟောသိကံ၊ မိမိသန္တာန်မှာ လောကုတ္တရာအလုပ် အားထုတ်ကြသူတွေအတွက် သမ္မာဒိဋ္ဌိ ဆိုတဲ့ မဂ်ဉာဏ် ဆိုတဲ့ မဂ်က ဖြတ်ချလိုက်မယ်ဆိုရင် အဲဒီကံတွေ ကောင်းကံဖြစ်ဖြစ်၊ မကောင်းကံဖြစ်ဖြစ် လုံးဝအကျိုးမပေးဘူး။ ဘယ်တရားက ဖြတ်လိုက်သလဲဆိုရင် မဂ္ဂင်တရားက ဖြတ်လိုက်တယ်၊ သောတာပန်ဖြစ်သွားမယ်ဆိုရင် အပယ်ရောက်စေတတ်တဲ့ကံတွေ အကုန်လုံးဖြတ်လိုက်တယ်။ အနာဂါမ်ဖြစ်သွားမယ်ဆိုရင် ကာမ ဆယ့်တစ်ဘုံ ရောက်စေတတ်တဲ့ ကံတွေ အကုန်လုံး ဖြတ်ပစ်လိုက်တယ်၊ အဲဒီလိုဖြတ်ပစ်လိုက်တော့ မိမိပြုလုပ်ထားတဲ့ ကံတွေဟာ အကျိုးပေးခွင့်မရတော့ဘူး၊ မဂ်နဲ့ သတ်ပစ်လိုက်လို့ အကျိုးပေးခွင့်မရတော့ဘူး။ အဲဒီလို အကျိုးပေးခွင့် မရတဲ့ကံကိုတော့ နံပါတ်(၄) အဟောသိကံလို့ ဒီလိုခေါ်ပါတယ်။ အဲဒီတော့ ကံမှန်ရင် အကျိုးပေးတယ်ဆိုပေမယ့်လဲ အဲဒီကံရဲ့ အကျိုးပေးကို လောလောဆယ် ပစ္စုပ္ပန်

ဘဝမှာ ဒီဘဝ ဒီခန္ဓာမှာ ကြိမ်းသေတွေ့ရကြုံရမှာလား မေးရင် ကြုံခွင့်မရပါဘူး၊ ရပါ့မလား?"

"မရပါဘူး"

"ဒီဘဝ ဒီခန္ဓာမှာ ကြိမ်းသေ ကြုံခွင့်ရမယ့်အကျိုးပေးက တစ်မျိုးတည်းပဲရှိတယ်။ အဲဒီတစ်မျိုးက ဘာလဲဆိုရင် နံပါတ်(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ၊ သူက ဒီဘဝမှာပဲ အကျိုးပေးမှာဖြစ်တော့ ဒီကံရဲ့အကျိုးပေးကို ခံစားလို့ရတယ်။ ဒုတိယမြောက် ဥပပဇ္ဇဝေဒနီယကံကျတော့ ဒီဘဝမှာ ခံစားလို့မရဘူး၊ ဒုတိယမြောက် ဘဝကျမှ ခံစားရမယ်။ အဲဒါကြောင့် ဥပပဇ္ဇဝေဒနီယကံများ ဖြစ်ခဲ့သော် ဒီဘဝမှာ ဒီကံရဲ့ အကျိုးပေးခံစားရလိမ့်မယ်လို့ မျှော်မှန်းလို့ မရဘူး။ ဒီလိုကံမျိုးလည်း ရှိတယ်။ တတိယဘဝမှ နိဗ္ဗာန်ရောက်သည့်အထိ ကြားကာလမှာ အလှည့်သင့်သလို အကျိုးပေးတဲ့ကံကျတော့ အပရာပရိယဝေဒနီယကံလို့ ဒီလိုခေါ်တယ်၊ အခုနပြောတဲ့ အဟောသိကံက လုံးဝအကျိုးမပေးတဲ့အတွက် ထည့်သွင်းရေတွက်လို့ကို မရတော့ဘူး။ အဲဒီလို ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်ရင် ကံရဲ့အကျိုးပေးကို ယုံကြည်ရမယ်"

## ကံဆန်းကြယ်ပုံ

"ဒါပေမယ့်လို့ ဒီကံရဲ့သဘောတရားတွေကို ခွဲခြမ်းစိတ်ဖြာပြီးတော့ သိမထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆိုရင် လောကမှာ ဥပမာပြောကြပါစို့ ပုဂ္ဂိုလ်တစ်ယောက်က စေတနာလည်းကောင်းတယ်၊ ကောင်းမှုတွေလည်းပြုတယ်၊ အလှူဒါနတွေလည်း ပြုတယ်၊

သူများကိုလည်း ကိုယ်ချင်းစာတတ်တယ်။ အကူအညီလည်းပေးတယ်။ ဒါပေမယ့် အကျိုးပေးကျတော့ အင်မတန်နုံချာတယ်။ ဒီပုဂ္ဂိုလ်မျိုးတွေလည်း ရှိတတ်တာပဲ၊ ဘယ်လောက်ပဲ စေတနာကောင်းကောင်း၊ ဘယ်လောက်ပဲ သူများအကျိုး ဆောင်ရွက်၊ ဆောင်ရွက် သူများရှေ့က မနေရဘဲ လူ့အောက်ကျို့နေရတဲ့ သူတွေ အများကြီးပဲ၊ အဲဒီပုဂ္ဂိုလ်တွေ ရှိနေသလို တစ်ချို့ တစ်ချို့ ပုဂ္ဂိုလ်ကျတော့လည်း ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒုစရိုက်တရားတွေ အမြဲတမ်းပြုလုပ်နေပြီးတော့ ဒုစရိုက်တရားတွေနဲ့ စီးပွားရှာနေကြတဲ့သူတွေ ရှိတယ်၊ အများအမြင်မှာ လူကြီးလူကောင်းပုံသဏ္ဍာန်ဖမ်းပြီး ကွယ်ရာကနေ ဒုစရိုက်တရားနဲ့ စီးပွားဥစ္စာရှာနေကြတယ်၊ ဒါပေမယ့်လို့ သူတို့လုပ်နေတဲ့ လုပ်ငန်းတွေက ဖြောင့်ဖြူးနေတဲ့အခါကျတော့ လူနေမှုအဆင့်အတန်း ရှေ့တန်း မရောက်ဘူးလား၊ ရောက်သလား?"

"ရောက်ပါတယ်ဘုရား"

"အဲဒီလိုပုဂ္ဂိုလ်မျိုးလဲ ရှိတယ်နော်။ အဲဒီတော့ ကောင်းတဲ့ကံတွေ၊ ကောင်းတဲ့သုစရိုက်တရားတွေ ပြုလုပ်ပင် ပြုလုပ်ငြားသော်လည်းပဲ လူ့အောက် သူ့အောက်ကျနေကြတဲ့ ပုဂ္ဂိုလ်ရှိတတ်ကြသလို မကောင်းတဲ့အလုပ်တွေ ပြုလုပ် ပြီးတော့ လူရာဝင်ဆန့်ရှေ့တန်းရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေ လည်း အများကြီးပဲ။ အဲဒီလိုဆိုရင် မိမိတို့စိတ်မှာ ဘယ်လို ဖြစ်လာကြလဲဆိုတော့ ဩော်-ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ်၊ မကောင်းကျိုးပေးတယ် ဆိုပေမယ့်လို့ တို့ကျတော့

ကောင်းတာတွေလုပ်ပြီး ကောင်းကျိုးမပေးပါလား။ အလှူဒါနတွေလည်း ပေးပါရဲ့၊ စိတ်ကောင်းလည်းထားပါရဲ့၊ ကိုယ်ချင်းလည်းစာပါရဲ့၊ သူများကိုလည်း ကူညီပါရဲ့၊ ဒါပေမယ့် ဒီမှာ ကောင်းတဲ့ အကျိုးတွေ မခံစားရဘူး။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ တရားတွေကပဲ မှားနေရော့သလား စသည်ဖြင့် တွေးတတ်ကြတယ်နော်။ ခုနက ဒုတိယမြောက် ပုဂ္ဂိုလ်မျိုးကျပြန်တော့လဲပဲ ဟာ...ငါတို့ လုပ်နေတာက ဒုစရိုက်တရားတွေ၊ အများကသာ ကောင်းတဲ့လုပ်ငန်းတွေ လုပ်နေတယ်လို့ ထင်ပင်ထင်ငြားသော်လည်း တို့တကယ်လုပ်နေတာက မကောင်းတဲ့လုပ်ငန်းတွေ၊ ကိုယ့်အလုပ်ကိုယ်မှ သိတာကိုး။ မကောင်းတာတွေလုပ်ပေမယ့်လို့ အဆင်တွေပြေလို့၊ အစစအရာရာ လူတစ်လုံးသူတစ်လုံး ရှေ့တန်းရောက်နေကြတယ်။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ ကောင်းတာလုပ်ကောင်းကျိုးပေးမယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးမယ်ဆိုတဲ့ စကားသည် တို့အတွက် မဟုတ်ဘူးထင်တယ်။ သူတို့ကလည်း ဒီလို သံသယတွေ မဝင်နိုင်ဘူးလား။ ဝင်နိုင်လား?"

"ဝင်နိုင်ပါတယ်ဘုရား"

"အဲဒီလို ဝင်နိုင်တာက အရေးမကြီးဘူး၊ တစ်ခါတစ်ခါကျတော့ ကံ,ကံရဲ့အကျိုးတွေကို မယုံကြည်ဘဲ ပျက်ရယ်ပြုပြီးတော့ ဘုရားရှင် ဟောကြားတော်မူတဲ့ တရားတွေကို မျက်ကွယ်ပြုပြီးတော့ ဗုဒ္ဓဘာသာကိုတောင်မှ မထီလေးစား ပြုလုပ်ကြတဲ့ပုဂ္ဂိုလ်တွေ ရှိတတ်ကြတယ်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောထားတော်မူတဲ့ တရားတွေကိုတောင် မထီလေးစား မထေမဲ့မြင် ပြုလုပ်တဲ့ ပုဂ္ဂိုလ်တွေ ရှိတတ်တယ်။ အဲဒီလိုတွေ ဘာကြောင့် ဖြစ်ရသလဲဆိုရင် ကံ,ရဲ့ သဘောကို အပြည့်အစုံ နားမလည်လို့ဘဲ၊ ဘာနားမလည်လို့လဲ"

"ကံ,ရဲ့သဘောကိုပါဘုရား"

"အခု ကံ,ကလေးမျိုး ရှိတာပဲ၊ တစ်မျိုးတည်းမှ မဟုတ်ဘဲနဲ့၊ အမျိုးအစားမှ လေးမျိုးတောင်ရှိတာပဲ။ ဒီဘဝမှာ အကျိုးပေးသလို ဒုတိယဘဝမှာ အကျိုးပေးတဲ့ ကံ,လည်း ရှိတာပဲ၊ တတိယဘဝမှ နိဗ္ဗာန်ရောက်တဲ့အထိ ကြားကာလမှာ အကျိုးပေးတဲ့ ကံ,လည်းရှိတယ်။ မင်္ဂနဲ့ ပယ်သတ်လို့ ရပ်ဆိုင်းသွားတဲ့ အကျိုးမပေးတဲ့ ကံ,တွေလည်းရှိတယ်။ အဲဒီလို အကျိုးပေးတွေအမျိုးမျိုးရှိတာ၊ ဘာဖြစ်လို့ အဲဒီလိုအကျိုးပေးတွေ အမျိုးမျိုး ဖြစ်ရသလဲ၊ မေးစရာ မေးခွန်းလေးရှိတာပေါ့နော်"

## ကံလေးမျိုးနှင့်ဇောခုနစ်ကြိမ်

"ဘာဖြစ်လို့ အဲဒီလို အမျိုးမျိုးဖြစ်ရသလဲဆိုတော့ နံပါတ်(၁) ဒိဋ္ဌဓမ္မဝေဒနီယကံက ကံပြုစဉ်ကာလမှာ မိမိတို့ရဲ့ သဏ္ဍာန်မှာ စေတနာလေးတွေ ဖြစ်ပါတယ်။ အဲဒီစေတနာကို ဇောလို့ခေါ်တယ်။ အဲဒီစေတနာဆိုတဲ့ ဇောက တစ်ခါဖြစ်ရင် ခုနစ်ကြိမ်၊ ခုနစ်ကြိမ်ဖြစ်တယ်။ တစ်ခါဖြစ်ရင် ဘယ်နှစ်ကြိမ်ဖြစ်တုန်း"

"ခုနစ်ကြိမ်၊ ခုနစ်ကြိမ် ဖြစ်ပါတယ်ဘုရား"

"ဇောခုနစ်ကြိမ်လို့ ဆိုပါတယ်။ မိမိတို့သဏ္ဍာန်မှာ တစ်ခါဖြစ်ရင် ခုနစ်ကြိမ်၊ ခုနစ်ကြိမ်ဖြစ်တယ်။ အဲဒီလို ဖြစ်တဲ့အခါမှာ နံပါတ်(၁) ဇော၊ နံပါတ်(၁) စေတနာအားကောင်းရင် အဲဒီလူရဲ့ သဏ္ဍာန်မှာ ပစ္စုပ္ပန်ဘဝမှာ အကျိုးပေးမှာ ဖြစ်ပါတယ်၊ နံပါတ်(၁) စေတနာအားကောင်းရင် ဘယ်ဘဝအကျိုးပေးမှာလည်း"

"ပစ္စုပ္ပန် ဘဝအကျိုးပေးမှာပါဘုရား"

"ဒီဘဝမှာ အကျိုးပေးမှာပေ့ါနော်၊ နောက်တစ်ခါ နံပါတ်ခုနစ်ခုမြောက် သတ္တမဇောလို့ခေါ်တဲ့ စေတနာလေးများအားကောင်းမယ်ဆိုရင် ဒုတိယဘဝမှာ အကျိုးပေးပါလိမ့်မယ်၊ အဘိဓမ္မာဒေသနာတွေမှာ ပြထားပါတယ်၊ နောက်တစ်ခါကြတော့ အလယ်ဇောက ဘယ်နှစ်ပါးလဲမေးရင် ငါးပါး"

"အဲဒီ အလယ်ဇော ငါးပါးများ အားကောင်းမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့ ကံသည် ဘယ်မှာအကျိုးပေးမလဲ၊ တတိယဘဝကနေ နိဗ္ဗာန်ရောက်သည်အထိ ကြားကာလမှာ အကျိုးပေးမယ်၊ အဲဒီလိုမှ မဟုတ်ဘဲနဲ့ ဇောခုနစ်ကြိမ်ရှိသည့်အနက်မှ ဘယ်ဇောမှာမှ အားမကောင်းဘူး၊ မထက်သန်ဘူးဆိုရင် ကံသည် အကျိုးမပေးဘဲနဲ့ နောက်ဆုံး အဟောသိကံ ဖြစ်သွားပါတယ်။ ဒီလိုမှတ်ရမှာပါ။ ဦးတော့ မင်္ဂနဲ့သတ်လို့ အကျိုးပေးရပ်ဆိုင်းပြီး အဟောသိကံ ဖြစ်သွားရတာလဲရှိတယ်။ အဲဒီတော့ မိမိပြုတဲ့ ကံ.တွေသည် ဒီဘဝမှာ အကျိုးပေးမှာလား၊ နောက်ဘဝမှာ အကျိုးပေးမှာလားဆိုတာ ဘယ်သူ့ပေါ် မူတည်နေလဲမေးရင် ကိုယ်ပြုတဲ့ စေတနာလေးပေါ် မူတည်နေပါတယ်၊ ဘယ်သူ့ပေါ်မူတည်

နေတုန်း? (စေတနာလေးပေါ်မှာ)၊ အဲဒီစေတနာက ဘယ်သူ ပြုတာလဲမေးတော့ ကိုယ်ပြုတာ၊ ကိုယ်ပြုပြန်တော့လဲ စေတနာ ဆိုတာ နာမ်တရားပါ၊ အကောင်အထည် မရှိပါဘူး၊ လက်ဆုတ် လက်ကိုင် ပြလို့မရဘူး၊ အဲဒီစေတနာက ဘယ်မှာတည်မှီနေ သလဲဆိုတော့ မိမိရဲ့ စိတ်ထဲမှာ တည်မှီနေတယ်၊ မိမိစိတ်ကလေး ဖြစ်လာရင် စိတ်လေးထဲမှာ စေတနာလေး ပါလာတာပဲ၊ စိတ်က လှူချင်တဲ့စိတ်ကလေး ပေါ်လာရင် စေတနာကလေးကလည်း လှူချင်တဲ့ စေတနာလေးလည်း ပါလာတာပဲ။ အဲဒီစေတနာလေး နဲ့ အဲဒီစိတ်ကလေးက ယှဉ်တွဲပြီး အမြဲတမ်းဖြစ်နေတယ်"

"အဲဒီ ဖြစ်လာတဲ့ စေတနာတွေ၊ အဲဒီ ဖြစ်လာတဲ့ စိတ်တွေ ဘယ်အချိန်မှာ အားကောင်းသလဲ၊ အားကောင်းတဲ့အတိုင်းအတာ ပေါ် မူတည်ပြီး အကျိုးပေးရတာဖြစ်သည့်အတွက်မိမိပြုလုပ်ထား တဲ့ ကံ,သည် ဘယ်အချိန်မှာအကျိုးပေးမလဲဆိုတာသူများသွားမေး လို့မရဘူး၊ သူများက လာပြောလို့လည်း မရဘူး၊ ကိုယ်ပြုလုပ်တဲ့ စေတနာက အဓိကဖြစ်တဲ့အတွက်ကိုယ့်ကိုကိုယ်အသိဆုံးပါ။ ဒီလို မဟုတ်လား၊ ကိုယ့်ကိုကိုယ်အသိဆုံးပဲနော်။ အဲဒီစေတနာလေးက အမျိုးမျိုးရှိတဲ့အခါ အကျိုးပေးတွေကလည်း အမျိုးမျိုးရှိတယ်၊ အကျိုးပေး အမျိုးမျိုးရှိတဲ့အတွက် ဒီပစ္စုပ္ပန် ဘဝမှာ အကျိုးပေး တဲ့ကံ,ရှိသလို အကျိုးမပေးတဲ့ကံလည်း ရှိတယ်၊ ဒါကို သဘော ပေါက်ထားမယ်ဆိုရင် ငါတို့ပြုလုပ်တဲ့ကံ,က ဘုရားရှင် ကိုယ်တော် မြတ်ကြီး မိန့်ကြားတော်မူသည့်အတိုင်းကုသလာ၊ကုသလံ၊ကမ္မံ၊ ဝိပါကာနံ၊ ခန္ဓာနံ၊ ကဋတ္တာစ ရူပါနံ၊ ကမ္မ ပစ္စယေန ပစ္စယော၊

ဘုရားရှင်ကိုယ်တော်မြတ်က ပဌာန်းဒေသနာတော်မှာ ဟောကြား တော် မူခဲ့တယ်။ ကုသိုလ်ကံပဲဖြစ်ဖြစ်၊ အကုသိုလ်ကံပဲဖြစ်ဖြစ် ကျိန်းသေမုချ အကျိုးပေးပါလိမ့်မယ်၊ ဒီလိုဟောကြားထားတာပဲ။ အခု အကျိုးမပေးသေးဘူးဆိုရင် အကျိုးပေးဖို့ အခါအခွင့် မသင့်လို့ အကျိုးမပေးသေးတာဘဲ၊ အခါအခွင့်သင့်တဲ့အချိန်မှာ အကျိုးပေး ပါလိမ့်မယ်လို့ စိတ်နှလုံးသွင်းဖို့ လိုတာပေါ့"

"အဲဒီလို စိတ်နှလုံးသွင်းလိုက်မယ်ဆိုရင် ကံ၊ကံ၏အကျိုး ပေါ်မှာလည်း ယုံကြည်ရာရောက်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ တရားအပေါ်မှာလည်း ဂါရဝထားရာ ရောက် ပါတယ်။ ဒီလိုမှမဟုတ်လို့ ကံ၊ကံ၏အကျိုးတွေပေါ်မှာ သံသယ တွေ ဖြစ်နေမယ်ဆိုရင် ကံ၊ကံ၏အကျိုးပေးကိုလည်း ယုံကြည်ရာ မရောက်သလို ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတွေကို လည်း မထေမဲ့မြင်ပြုရာရောက်၊ အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ် တွေဟာ ယနေ့ ကံ၊ကံရဲ့ အကျိုးပေးတွေ ယုံကြည်ဖို့ မသင့် ဘူးလား၊ သင့်လား?"

"သင့်ပါတယ်ဘုရား"

"ဗုဒ္ဓဘာသာဝင် တစ်ယောက်ရယ်လို့ ဖြစ်လာပြီဆိုရင် ကံ၊ ကံ၏အကျိုးပေးကတော့ လက်တွေ့မခံစားရသေးလည်း ယုံကြည် နေရမှာပဲ၊ လက်တွေ့ခံစားရလည်းပဲ ယုံကြည်နေရမှာပဲ၊ အဲဒါနဲ့ ပတ်သတ်လို့ ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟော ကြားတော်မူတဲ့ ဒေသနာတော်ထဲမှာ သာဓကလေးတွေ အနည်း ငယ် ထောက်ပြချင်တယ်"

## မဟာနာရဒဇာတ်

"အဲဒီသာဓကက ဘယ်မှာပါလဲဆိုတော့ ဇာတ်အဌကထာမှာ ပါတယ်၊ ဇာတ်နာမည်ကတော့ မဟာနာရဒဇာတ်လို့ ခေါ်ပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အလောင်းတော် ဆယ်ဘဝ အရင့် အမာဘဝထဲမှာ တစ်ဘဝ အပါအဝင်ဖြစ်တဲ့ မဟာနာရဒဇာတ်၊ အဲဒီမဟာနာရဒဇာတ်တော်ထဲမှာ အဓိကပုဂ္ဂိုလ်က ဘယ်သူလဲ ဆိုတော့ အင်္ဂတိမင်းကြီးတဲ့၊ ဒီလိုခေါ်ပါတယ်၊ သူ့မှာ သမီးတော် တစ်ပါးထွန်းကားတယ်၊ သမီးတော်နာမည်က ရုစာဒေဝီ၊ တစ်ဦး တည်းသော သမီးတော်လေးဖြစ်တဲ့ အားလျော်စွာ ဒီမင်းကြီးက သူ့သမီးတော်လေးကို အင်မတန် ချစ်မြတ်နိုးပါတယ်။ ဒါကြောင့် သမီးတော်လေး သိတတ်တဲ့အရွယ်ကစပြီး လိုအင်ဆန္ဒတွေ ပြည့်ဝ အောင် လိုအပ်တဲ့ဆုတွေ တောင်းပါလို့ဆိုတော့ သမီးတော်လေးက လိုအပ်တဲ့ဆုတွေ တောင်းတယ်၊ ပါရမီရှင်လေးဖြစ်သည့်အားလျော် စွာ လူမှန်းသိတဲ့ အရွယ်ကစပြီး လျှုချင်တန်းချင်တဲ့ ဝါသနာလေး တွေ ပါလာတာပေ့ါ၊ အဲဒါကြောင့် သူ့ရဲ့ ခမည်းတော်မင်းကြီး ကို ဆုတောင်းပါတယ်။ တစ်လကို နှစ်ကြိမ်၊ လပြည့်နေ့နဲ့ လကွယ်နေ့တိုင်း အလှူဒါနပြုပါရစေ။ ဆုတောင်းလား၊ မတောင်း ဘူးလား?"

"တောင်းပါတယ်ဘုရား"

"တောင်းခဲ့တာပေ့ါ၊ အဲဒီလိုတောင်းတဲ့အခါကျတော့ အင်္ဂတိ မင်းကြီးကလည်း အင်မတန်ချစ်မြတ်နိုးတော်မူတဲ့ သမီးတော်လေး ဖြစ်နေတဲ့အတွက် တောင်းတဲ့ဆု ပြည့်စေပေ့ါလေ၊ အဲဒီလို ပေးပြီး

တော့ လပြည့်နေ့တိုင်း သူ့ရဲ့ဘဏ္ဍာတော်တိုက်က အသပြာ တစ်ထောင်ထုတ်ပေးတယ်၊ လကွယ်နေ့တိုင်းမှာလည်း ဘဏ္ဍာ တော်တိုက်က အသပြာတစ်ထောင် ထုတ်ပေးတယ်။ အဲဒီခေတ်က အသပြာတစ်ထောင်ဆိုတာ အင်မတန် ခရီးရောက်တာပဲ၊ အဲဒီ အသပြာတစ်ထောင်နဲ့ သမီးတော်လေးက မဏ္ဍပ်ကြီးတွေထိုး၊ အဲဒီကာလက သာနာပကာလဆိုတော့ ဘုရား၊ တရား၊ သံဃာက မရှိသေးပါဘူး၊ ဒါပေမယ့်လို့ သာသနာပကာလမှာ သူတို့နည်း သူတို့ဟန်နဲ့ တရားဓမ္မ ကျင့်ကြံအားထုတ်နေကြတဲ့ ရသေ့၊ ပရိဗိုဇ်တို့၊ တက္ကတွန်းတို့ သူတို့ကတော့ ရှိနေတာပေါ့လေ၊ အခြား အားဖြင့်လည်း ခိုးကိုးရာမဲ့ပုဂ္ဂိုလ်တွေ၊ တောင်းစားနေတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပဲ ရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေအတွက် သမီးတော်လေးက (၁၅)ရက် တစ်ကြိမ်၊ (၁၅)ရက် တစ်ကြိမ် အလှူမဏ္ဍပ်ကြီး ထိုးပြီးတော့ စားကောင်းသောက်ဖွယ်တွေချက်၊ တစ်နေ့လုံး မကုန်မချင်း လာသမျှပုဂ္ဂိုလ်တွေကို လှူဒါန်းနေတာပဲ၊ အဲဒီလို ဖြစ်နေတဲ့အချိန် မှာ တစ်နေ့သောအခါကာလကျတော့ အင်္ဂတိ မင်းကြီးက စိတ်ထဲ မှာ စိတ်ကူးလေးတစ်ခု ပေါ်လာပါတယ်"

## သူတော်ဆည်းကပ် မြတ်တရားနာ

"ဩော်...ညချမ်းရာသီဥတုကလေး အင်မတန်ကောင်း၊ လ,ကလေးကလည်းသာ၊ ဒီလိုအချိန်မှာ ပညာရှိပုဂ္ဂိုလ်တစ်ယောက် ယောက်ရဲ့ထံပါး သွားပြီးတော့ တရားစကား နာကြားရရင် ကောင်း မှာပဲ စိတ်ကူးကလေးပေါ်လာတယ်၊ ဒီလိုပေါ်လာပြီး သူ့ရဲ့အနီး

အပါးမှာရှိတဲ့ ခစားနေတဲ့ မှူးကြီးမတ်ရာ သေနာပတိတွေနဲ့ တိုင်ပင်တယ်။ ဒီလိုတိုင်ပင်တဲ့အခါ အလာတအမည်ရှိတဲ့ စစ်သူကြီးက အကြံပေးတယ်၊ 'အရှင်မင်းမြတ်၊ ကျွန်တော်ကိုးကွယ်တဲ့ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်၊ အင်မတန် ပညာပြည့်စုံတဲ့ ပုဂ္ဂိုလ်၊ ပညာရှင်ပုဂ္ဂိုလ်ကြီးပဲ နာမည်က ဂုဏာလို့ခေါ်တယ်' ဦးဂုဏာပေါ့၊ အဲဒီဂုဏာခေါ်တဲ့ တက္ကဒွန်းကြီးတစ်ယောက် ရသေ့ကြီးတစ်ပါးပဲ ထားပါတော့၊ ဦးဂုဏာအမည်ရှိတဲ့ ရသေ့ကြီး သူကိုးကွယ်တဲ့ ရသေ့ကြီးအင်မတန်ပညာရှိတယ်၊ သူ့ဆီမှာ သွားပြီးတော့ တရားမမ္ဘနာကြားရရင် မှတ်သားစရာကောင်းတဲ့ တရားမမ္ဘ နာကြားခွင့်ရပါလိမ့်မယ်လို့ အကြံပေးတော့ အင်္ဂတိမင်းကြီးက သဘောတော်ကျတယ်။ ကဲဒီလိုဆိုရင်ကောင်းပြီ တို့အတူသွားကြစို့၊ နောက်ပါအခြွေအရံတွေခေါ်ပြီးတော့ မင်းကြီးနဲ့ မှူးကြီးမတ်ရာ သေနာပတိတွေ၊ ဦးဂုဏာဆိုတဲ့ ရသေ့ကြီးဆီသွားပြီး တရားနာကြားတာပေါ့နော်၊ အဲဒီလို နာကြားတဲ့အခါ ရောက်ရောက်ချင်းပဲ အင်္ဂတိမင်းကြီးက 'အရှင်ဘုရား၊ တပည့်တော်တို့ တရားနာဖို့ လာပါတယ်၊ မေးခွန်းတွေလဲ မေးဖို့လာပါတယ်၊ သိချင်တာလေးတွေ ဟောကြားတော်မူပါ၊ မိဘနဲ့ ပတ်သက်လို့ ဘယ်လိုကျင့်ရမလဲ၊ သားသမီးနဲ့ပတ်သက်လို့ ဘယ်လိုကျင့်ရမလဲ၊ တိုင်းသူပြည်သားတွေနဲ့ ပတ်သက်လို့ ဘယ်လိုကျင့်ရမလဲ' စသည်ဖြင့် မေးခွန်းလေးတွေ မေးတယ်''

## သာသနာပ တရား

"အဲဒီလိုမေးတဲ့အခါ ရသေ့ကြီးဦးဂုဏာက မေးခွန်းလေး တွေ ပြန်ဖြေပါတယ်၊ ဒကာတော်မင်းမြတ်၊ လောကမှာ ဟော့… ကောင်းတဲ့အလုပ်၊ မကောင်းတဲ့ အလုပ်ဆိုပြီး တိတိကျကျ သတ်မှတ်ထားတာမရှိပါဘူး။ (ဒကာ၊ ဒကာမတို့ သေသေချာချာ စဉ်းစားကြည့်နော်) သာသနာပကာလဆိုတော့လည်းပဲ ဘုရားက လည်းမပွင့်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားကလည်း မရှိ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ တရားကို ပြန်ဟောပြမယ့် သံဃာတော် အရှင်မြတ်တွေကလည်းမရှိဆိုတော့ မှန်ကန်တဲ့ တရားဖြစ်ဖို့ဆိုတာ အင်မတန် ခဲယဉ်းပါတယ်၊ အဲဒါကြောင့် ရသေ့ကြီး ဦးဂုဏာပြောမယ့် တရားတွေဟာ မှန်ကန်တဲ့ တရား မဖြစ်နိုင်ဘူး။ သာသနာပကာလနဲ့ ကြုံသွားမယ်ဆိုရင် မှန်ကန်တဲ့ တရားတွေ နာခွင့်မရတဲ့အတွက် အခွင့်အရေးတွေ ဆုံးရှုံးသွားရတာ ရင်နာစရာကောင်းပါတယ်။ အဲဒီတော့ ရသေ့ကြီး ဦးဂုဏာက ပြောတယ်၊ 'ဒကာတော်မင်းကြီး၊ လောကမှာ ကောင်းကံဆိုတာ မရှိ မကောင်းကံဆိုတာ မရှိဘူး။ ဘာတွေပဲလုပ်လုပ် မင်းကြိုက်တာ လုပ်၊ မင်းကြိုက်တဲ့အလုပ်က ကောင်းတဲ့ကံပဲ။ မင်းမကြိုက်တဲ့ အလုပ်က မကောင်းတဲ့ကံပဲ' ဘုန်းကြီးတို့ ဒကာ ဒကာမတွေ စဉ်းစားကြည့်ပါ၊ ရသေ့ကြီးဦးဂုဏာရဲ့ ပြောစကားအရ ကြိုက်တာ လုပ်၊ ကိုယ်ကြိုက်တဲ့ အလုပ်ဆိုရင် ဘယ်လိုကံလို့ ပြောမလဲ၊ ကောင်းတဲ့ကံ၊ ကိုယ်မကြိုက်တဲ့ အလုပ်ဆိုရင် ဘယ်လို ကံလို့ ပြောမလဲ၊ မကောင်းတဲ့ကံ"

"မကောင်းတဲ့ စေတနာတွေ ဦးစီးပြီးတော့ ပြုလုပ်ရင် မကောင်းတဲ့ကံဖြစ်မယ်၊ ဒါက ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ ကံရဲ့သဘော၊ အခု ရသေ့ကြီး ဦးဂုဏ ပြောတဲ့ စကားကျတော့ ဒီလိုမဟုတ်တော့ဘူး၊ မင်းလုပ်ချင်တာ လုပ်၊ ကောင်းကံ၊ မကောင်းကံဆိုတာ တိတိကျကျ သတ်မှတ်ချက် မရှိဘူး၊ မင်းကြိုက်ရင် မင်းလုပ်တဲ့အလုပ်က ကောင်းတဲ့ကံပဲ။ အဲဒီအလုပ်ကိုမှ မင်းမကြိုက်ရင် မင်းလုပ်တဲ့ အလုပ်သည် ဘာကံလို့ ပြောမလဲ၊ (မကောင်းတဲ့ကံ) အဲဒီလို မဟုတ်လား၊ ဒီတော့ ရသေ့ကြီး ဦးဂုဏပြောတဲ့စကား၊ ဟောတဲ့ တရားထဲမှာ ပထမဆုံး ပယ်လိုက်တာက ကံ,ကံရဲ့အကျိုးကို ပယ်လိုက်တာ မဟုတ်လား၊ ကံရဲ့အကျိုးကို ပယ်လိုက်တာ"

## သာသနာတော်နဲ့တွေ့ရတဲ့ကျေးဇူး

အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး မပွင့်တဲ့ကာလမှာ ကံ,ကံ၏အကျိုးကို မြင်ရဖို့ဆိုတာ မခဲယဉ်းဘူးလား၊ ခဲယဉ်းလား၊ အင်မတန်ခဲယဉ်းပါတယ်။ ယနေ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမ တွေ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်နဲ့ ကြုံတွေ့နေ ရလို့ ကံ,ကံရဲ့အကျိုးကို သိရလား၊ မသိရဘူးလား၊ (သိရပါတယ်) ကောင်းတဲ့ကံလုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်းတဲ့ကံ လုပ်ရင် မကောင်းကျိုးပေးမယ်လို့ မသိရဘူးလား၊ အဲဒီလို သိရတဲ့ အတွက်၊ သိခွင့်ရတဲ့အတွက် ကောင်းကံလေးတွေ ပြုလုပ်ကြ မယ်၊ မကောင်းကံကို ရှောင်ကြဉ်ကြမယ်၊ မကောင်းကံလေးတွေ

၂၇၆၇၇

ရှောင်ကြဉ်ကြတော့ မကောင်းတဲ့ ဘဝ အရောက်သက်သာသွားတာပေါ့၊ ကောင်းတာလေးတွေ ပြုလုပ်ကြတော့ ကောင်းတဲ့ဘဝ မရောက်ဘူးလား၊ ရောက်မှာလား၊ ရောက်ကြမှာ၊ ဒါဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတော်နဲ့ တွေ့ရတဲ့ နံ့ပါတ်တစ် ကျေးဇူးပဲ၊ ဒီလိုမှတ်ပါ၊ နောက်တစ်ခါ ရသေ့ကြီးဦးဂုဏာက ပြောပါတယ် ဒကာတော်မင်းကြီး လောကမှာ မိဘဆိုတာ တကယ်တမ်းကျတော့ ကျေးဇူးတင်ထိုက်တဲ့ ပုဂ္ဂိုလ် မဟုတ်ပါဘူးကွာတဲ့၊ မေးလာတာကိုက သဘာဝ အားလျော်စွာ မေးလာတာပါ၊ ဒါကြောင့်မို့ မိဘဆိုတာ ထွေထွေထူးထူး ကျေးဇူးတင်ထိုက်တဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး။ ထိုနည်းတူစွာပဲ ဦးမင်းသားချင်း၊ မိကြီး မိထွေး၊ အဒေါ်သားချင်း ဘာမှဆွေမျိုးရင်းချာအနေနဲ့ ဂါရဝပြုနေစရာမလိုဘူး၊ အားလုံးဟာ သူ့သဘာဝနဲ့သူ ဖြစ်နေကြတာ၊ ဒီတော့ ဘုန်းကြီးတို့ဒကာ၊ ဒကာမတွေ စဉ်းစားကြည့်ပါ၊ မိဘပေါ်မှာ မိဘလိုမှ သဘောမထားဘူး၊ ဆွေမျိုးသားချင်းပေါ်မှာ ဆွေမျိုးသားချင်းလိုမှ သဘောမထားဘူးဆိုရင် ကိုယ်ကျင့်သီလတွေ ပျက်ကုန်လိမ့်မယ်၊ ဘာတွေနဲ့ တူမလဲဆိုရင် တိရစ္ဆာန်တွေနဲ့ တူမယ်၊ ကိုယ်ကျင့်သီလတွေ ပျက်သွားကြပြီ၊ မိဘဆိုလည်း မိဘလို သဘောမထားတော့ဘူး၊ မိဘကို ကျေးဇူးတုန့်ပြန်စရာ မလိုဘူး၊ ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်လည်း မဟုတ်ဘူး”

## လောကပါလတရားနှစ်ပါး

"ဦးမင်းသားချင်း၊ ဆွေမျိုးသားချင်းဆိုတာလဲ မရှိကြဘူး၊ ကျေးဇူးတင်သင့်တဲ့ ပုဂ္ဂိုလ်လည်း မရှိဘူး၊ ရိုသေသင့်တဲ့ပုဂ္ဂိုလ်လည်း မရှိဘူး၊ လေးစားသင့်တဲ့ ပုဂ္ဂိုလ်လည်း မရှိဘူးဆိုတော့ တစ်လောကလုံးက ခွေး၊ ကြက်၊ ငှက် တိရစ္ဆာန်တွေလို ဖြစ်မနေဘူးလား၊ ဘာကိုပယ်လိုက်သလဲဆိုတော့ သီလကို ပယ်လိုက်တာ၊ (ဘာကိုပယ်လိုက်ပါလိမ့်) သီလကို ပယ်လိုက်တာ၊ အဲဒီလို သီလကို ပယ်လိုက်ခြင်းအားဖြင့် လောကကြီးမှာ ကိုယ်ကျင့်တရားတွေ ပျက်ပြားပြီးတော့ အရှက်အကြောက်တွေ မနည်းဘူလား၊ နည်းကုန်မှာလား၊ အရှက်အကြောက်တွေ ရှိကြမှာမဟုတ်ဘူး၊ ကိုယ်ကျင့်တရားမှ ပျက်ပြားသွားပြီဆိုရင် အရှက်အကြောက် ဘယ်ရှိကြတော့မလဲ၊ အရှက်အကြောက်မှ မရှိတော့ရင် လောကကြီး မပျက်စီးဘူးလား?"

"ပျက်စီးသွားမှာပါဘုရား"

"ဘာဖြစ်လို့လည်းဆိုတော့ လောကကြီးကို စောင့်ရှောက်နေတာကိုက အရှက်အကြောက်၊ နာမည်လေး ပေးထားလိုက်ကြ၊ လောကပါလတရား၊ ဟီရိဩတ္တပ္ပဆိုတဲ့ အရှက်အကြောက်တရားနှစ်ပါးဟာ လောကပါလတရား၊ လောကကြီးကို စောင့်ရှောက်နေတာ။ လောကကြီး ကျက်သရေရှိအောင်၊ လောကကြီး ဂုဏ်သိက္ခာရှိအောင်၊ လောကကြီး ချမ်းသာအောင် ဘယ်သူတွေ စောင့်ရှောက်နေတာလဲ၊ အရှက်တရားနဲ့ အကြောက်တရား။ အခု

ကိုယ်ကျင့်သီလ ပျက်ပြီဆိုမှ အရက်အကြောက်တရားက ရှိပါဦး မလား။ အဲဒီလို မရှိတော့ဘူးဆိုရင် လောကကြီးသည် ချမ်းသာ သုခနဲ့ ပြည့်စုံမှာ မဟုတ်ဘူး၊ အဆင့်အတန်းလဲ မြင့်မားမှာ မဟုတ်တော့ဘူး၊ လောကကြီး ပျက်စီးဖို့ပဲရှိတယ်၊ ရသေ့ကြီး ဦးဂုဏရဲ့ ဝါဒထဲမှာ နံပါတ်(၂) သီလတရားကို ပယ်လိုက်တာ"

"နံပါတ်(၃)အားဖြင့် ဒကာတော်မင်းကြီး၊ လောကကြီးမှာ အလှူခံပုဂ္ဂိုလ်ဆိုတာက အင်မတန် လိမ္မာတဲ့ပုဂ္ဂိုလ်တွေပါကွာ၊ လှူဒါန်းနေတဲ့ ပုဂ္ဂိုလ်တွေဟာ အင်မတန်မိုက်မဲတဲ့ ပုဂ္ဂိုလ်တွေပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို လှူပင်လှူငြားသော်လည်း အလှူရဲ့ ကျေးဇူး ဘာမှဖြစ်လာမှာမဟုတ်ဘူး။ ဘာကို ပယ်လိုက်လဲမေးရင် ဒါနကို ပယ်လိုက်တာ။ ဘာကိုပယ်လိုက်တာတုန်း"

"ဒါနပါဘုရား"

"မင်းဘယ်လောက်ပဲလှူလှူ၊ လှူခြင်းရဲ့အကျိုးမရှိဘူး၊ မင်း ဘယ်လောက်ပဲ ပူဇော် ပူဇော်၊ ပူဇော်ခြင်းအကျိုးမရှိဘူး၊ အလှူခံ ပုဂ္ဂိုလ်ဆိုတာက အင်မတန်လိမ္မာတဲ့ ပုဂ္ဂိုလ်၊ လူပါးလူနပ်တွေ။ ဒါကိုပြောလိုရင်းပေါ့နော်၊ လှူဒါန်းနေတဲ့ ပုဂ္ဂိုလ်တွေက အင်မတန် မိုက်မဲတဲ့ ပုဂ္ဂိုလ်၊ ကိုယ့်ရှိတာ သူများပေးပစ်တယ်။ ဒါကြောင့်မို့ မင်းလောကမှာ ဘယ်တော့မှ လှူစရာမလိုဘူး၊ လှူခြင်းကြောင့် မင်းဘာမှ ထူးခြားလာမှာ မဟုတ်ဘူး၊ ဒါနတရားဆိုတာကို ပယ်လိုက်တယ်။ အဲဒီလို သာသနာပကာလ ရောက်သွားတဲ့ အခါကျတော့ ကမ္မဿကထာ သမ္မာဒိဋ္ဌိ ကံ၊ကံ၏အကျိုးကို ယုံကြည်ချက် အသိဉာဏ်တွေလဲ သူတို့ မရှိတော့ဘူး။ တစ်ခါ

တစ်ရဲ့ ဒါနအလှူပေးတဲ့ ပုဂ္ဂိုလ်တွေပေါ်တတ်ပါတယ်၊ ဒါပေမယ့်လို့ ဘုရားရှင်ရဲ့ ဒေသနာ နာကြားရလို့ ပေါ်တာမဟုတ်ဘူး၊ သူတို့ရဲ့ စရိုက် ဝါသနာအားလျော်စွာ ပေါ်ပေါက်လာတာ၊ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေလည်း ပေါ်တတ်ပါတယ်၊ ဒါလည်းပဲ သူတို့ရဲ့ ဝါသနာအားလျော်စွာ ပေါ်လာတာ၊ ဒါနတရားရဲ့အကျိုး၊ သီလတရားရဲ့အကျိုး၊ ဘယ်လောက် ကျယ်ပြောတယ်ဆိုတာ နာကြားရလို့ ပေါ်တာမဟုတ်ဘူး။ ဒါကြောင့်မို့ ဒီကနေ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘုရားသာသနာနဲ့ ကြုံကြိုက်နေကြ၊ ကြုံကြိုက်တုန်းမှာ ကံ,ကံ၏အကျိုးကိုလည်း ယုံကြည်နေကြတယ်၊ ဒါနတရားတွေလည်း ပြုခွင့်ရတယ်၊ သီလတရားတွေလည်း ဆောက်တည်ခွင့်ရတယ်၊ ကိုယ်ကျင့်သီလတွေနဲ့လည်း ပြည့်စုံနေကြတယ်၊ ဒါဘာရဲ့အကျိုးလဲဆိုတော့ ဘုရားသာသနာနဲ့ တွေ့ကြုံနေရခြင်းအကျိုးပဲ။ ဘာရဲ့အကျိုးလဲ?"

"ဘုရားသာသနာနဲ့ တွေ့ကြုံနေရခြင်းအကျိုးပါ ဘုရား"

"ဘုရားသာသနာနဲ့ တွေ့ရတာ အားရစရာလည်း ကောင်းတယ်၊ ဝမ်းသာစရာလည်း ကောင်းတယ်၊ ကျေးဇူးတင်စရာလည်း ကောင်းတယ်။ ဦးဂုဏ ပြောတဲ့ စကားအရဆိုရင် လောကကြီးဟာ လှူစရာလည်းမလိုဘူး၊ ကုသိုလ်ပြုစရာလည်း မလိုဘူး၊ လုပ်ချင်တာလုပ်၊ ကိုယ်ကျင့်တရားလည်း ပြည့်စုံစရာ မလိုဘူး။ ကိုယ်ကြိုက်တာ ကိုယ်လုပ်ဆိုတော့ အဲဒီလောကြီးမှ မပျက်စီးရင် ဘယ်လောက ပျက်စီးမလဲ။ ဒါကြောင့်မို့ ဒီကနေ့ ဒါနတရား၊ သီလတရား၊ ကိုယ်ကျင့်တရားတွေ ပြည့်စုံနေတဲ့အတွက် ဘုန်းကြီး

တို့ ဒကာ၊ ဒကာမတွေရဲ့သဏ္ဍာန်မှာ အားကိုးစရာ ကောင်းကံလေးတွေ မရှိဘူးလား၊ ရှိနေလား?"

"ရှိနေပါတယ်ဘုရား"

"နောက်တစ်ခါ ဦးဂုဏာက ထပ်ပြောသေးတယ်၊ နံပါတ်(၄) အချက်။ ပြောတဲ့တရားတွေကတော့ အများကြီးပါပဲ။ ဒါကို ဘုန်းကြီးက တူရာ တူရာချုံ့ပေးလိုက်တာပါ"

## ဘဝသက်တန်းပြည့်ရင် သံသရာအလည်ရပ်မယ်

"ဒကာတော်မင်းကြီး...လေ မှာရှိတဲ့ ပုဂ္ဂိုလ်တွေသည် ဓမ္မသဘာဝကို ဘယ်လိုမှ မလွန်ဆန်နိုင်ဘူး၊ ဘာပဲလုပ်လုပ် ကောင်းကံပဲ လုပ်လုပ်၊ မကောင်းကံပဲလုပ်လုပ်၊ ကောင်းတဲ့အလုပ် လုပ်လုပ်၊ မကောင်းတဲ့အလုပ် လုပလုပ် သံသရာမှာ လှုတိုင်း လှုတိုင်း ကျင်လည်ရမှာပဲ။ ဒီလိုပြောတယ်နော်။ တရားတွေ ဘာမှ အားထုတ်နေစရာမလိုဘူး။ မိမိရဲ့သဏ္ဍာန်မှာ ကောင်းကံတွေလည်း ဘာမှလုပ်နေစရာ မလိုဘူး။ ကိုယ်လျှောက်လှမ်းရမယ့် ခရီးလမ်းမှာ ဥပမာ–ဘဝတစ်ထောင် သတ်မှတ်တယ်ဆိုကြပါစို့၊ တစ်ထောင်မပြည့်မချင်း ဘဝတွေ လျှောက်လှမ်းနေကြရင်...ပဲ၊ တစ်ထောင်ပြည့်သွားတာနဲ့ အလိုလိုကျွတ်တန်းဝင်သွားမှာပဲ။ မင်းကောင်းတာလုပ်လုပ်၊ မကောင်းတာလုပ်လုပ် ဘဝတစ်ထောင် ပြည့်သွားတာနဲ့ တစ်ပြိုင်နက် အလိုလို ကျွတ်တန်းဝင်သွားမယ်။ မကောင်းတာလုပ်တဲ့ ပုဂ္ဂိုလ်လည်း ဘဝတစ်ထောင်ပြည့်သွားတာနဲ့ ကျွတ်တန်းဝင်မယ်၊ ကောင်းတာလုပ်တဲ့ ပုဂ္ဂိုလ်လည်း

ဘဝတစ်ထောင်ပြည့်တာနဲ့ ကျွတ်တန်းဝင်မယ်ဆိုတော့ ဒကာ၊ ဒကာမတို့ စဉ်းစားကြည့်ပါ၊ ဘာဝနာအလုပ်ကိုလည်း ပယ်ရာ မရောက်ဘူးလား၊ ရောက်လား?"

"ရောက်ပါတယ်ဘုရား"

"တရားလည်းကျင့်စရာ မလိုဘူး၊ သမထလည်း အားထုတ်စရာမလိုဘူး၊ ဝိပဿနာတရားလည်း အားထုတ်စရာ လိုသေးလား၊ မလိုတော့ဘူး၊ အဲဒီတော့ ဘာဝနာအလုပ်ကိုလည်း ပယ်ရာ မရောက်ဘူးလား?"

"ရောက်ပါတယ်ဘုရား"

"ကံ,ကံ၏အကျိုးကိုလည်း ပယ်တယ်၊ ဒါနလည်းပယ်တယ်၊ သီလလည်းပယ်တယ်၊ ဘာဝနာလည်းပယ်တယ်၊ အင်မတန် ကြောက်စရာကောင်းတဲ့ဝါဒပဲ၊ ယနေ့ခေတ် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ယနေ့ခေတ်မှာလည်းပဲ သာသနာတော် ထွန်းကား နေတဲ့ခေတ်လို့ ပြောပင်ပြောငြားသော်လည်းပဲ သာသနာတော် မရောက်တဲ့နေရာတွေ၊ ဗုဒ္ဓဘာသာ မကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ အဲဒီလို အယူအဆတွေ မရှိဘူးလို့ ပြောလို့ရလား။ မရဘူး၊ မရှိဘူးလို့ ပြောလို့မရဘူး၊ အဲဒီအယူအဆတွေကို နှစ်နှစ် ခြိုက်ခြိုက် လက်ခံကျင့်သုံးနေကြတဲ့ ပုဂ္ဂိုလ်တွေ ဒီခေတ် ဒီအခါ မှာလည်း ရှိကိုရှိနေကြတာပဲ၊ အဲဒီပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ ဆိုရင် ကောင်းတာကိုလည်း ကောင်းကံလို့ မသတ်မှတ်ဘူး၊ မကောင်းကံကိုလည်း မကောင်းကံလို့ မမှတ်တဲ့အခါကျတော့ ကောင်းကံက များမှာလား၊ မကောင်းကံက များမှာလား။

မကောင်းကံက များမှာ။ အဲဒီလို မကောင်းကံက များကြမယ် ဆိုတော့ သူတို့ရဲ့ လားရာဂတိဟာ ကမ္ဘာဝပစ္စယာဇာတိ၊ တစ်ခြား အကျိုးပေးမှာလား၊ အပါယ်လေးပါး အကျိုးပေးမှာလား။ (အပါယ် လေးပါး) အကျိုးပေးမှာ သေချာတယ်နော်၊ ဒါကြောင့်မို့ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကပြောတယ်၊ လူတစ်သိန်း၊ နတ် တစ်သိန်းသေလို့ သုဂတိ တစ်ယောက်မရောက်ဘူးတဲ့။ မပြော ဘူးလား၊ ပြောလား?"

"ပြောပါတယ်ဘုရား"

"လူတစ်သိန်း၊ နတ်တစ်သိန်း သေလို့ သုဂတိဘဝ တစ်ယောက် မရောက်ဘူးဆိုတာ အဲဒီလို အယူမှောက်မှားနေတဲ့ ပုဂ္ဂိုလ်တွေကို ရည်ရွယ်ပြီး ပြောတာ၊ ဒီလိုမှတ်လိုက်ပါ"

"အဲဒီလို တရားဟောတဲ့ အခါကျတော့ အဂ်တိ မင်းကြီး က စဉ်းစားတာပေါ့လေ 'ဩော်...သူပြောတာလဲ ဟုတ်တုတ် တုတ်ပေါ့'နော်၊ အခုဆိုရင် ငါလဲ လူ့နေတာပဲ၊ ငါရဲ့သမီးတော် လေးလည်း လူ့နေတာပဲ၊ လူ့တဲ့အခါ စဉ်းစားကြည့်တဲ့အခါ ကျတော့ တိုင်းပြည်ရဲ့ ဘဏ္ဍာတော်တွေ ကုန်ဆုံးတာပဲရှိတာပဲ၊ ဘာမှကျေးဇူးမများဘူး။ ဘာမှလည်း ကျေးဇူးများလာတာ မတွေ့ဘူး။ သူကထိုင်ပြီးတော့ စဉ်းစားနေတာ၊ အဲဒါကြောင့်မို့ ရသေ့ကြီး ဦးဂုဏပြောတဲ့စကား မှန်များ မှန်နေလား။ စိတ်ထဲမှာ သံသယလေးတွေ ဖြစ်နေတာပေါ့။ အဲဒီလို ဖြစ်နေတုန်းမှာပဲ တစ်ခါတည်း သူ့ရဲ့ စစ်သူကြီးဖြစ်တဲ့ အလာတ အမတ်ချုပ်ကြီး လို့လဲ ခေါ်တယ်။ အလာတ (သို့) အမတ်ချုပ် (သို့) စစ်သူကြီးက

နေပြီးတော့ လက်ခုတ်လက်ဝါးတီးပြီး ဟက်ဟက်ပက်ပက်ကို ရယ်တယ်"

## စစ်သူကြီးရဲ့အမြင်

"အဲဒီတော့ မင်းကြီးက 'ဟာ...အလာတ၊ မင်းဘယ်လို ဖြစ်တာလဲ။ မင်းဘာဖြစ်လို့ ရယ်တာတုန်း' မှန်လှပါဘုရား၊ ကျွန်တော်မျိုး ဦးဂုဏဘက်က ပစ်ခတ်ပြီးတော့ ထောက်ခံပါတယ်။ စောစောတုန်းက ဦးဂုဏပြောတဲ့ စကား သိပ်ကိုမှန်ပါတယ်။ လောကမှာရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ကောင်းတာလုပ်လဲ ကောင်းတဲ့ အကျိုး ပေးချင်မှပေးတာ၊ မကောင်းတာလုပ်လဲ မကောင်းတဲ့ အကျိုး ပေးချင်မှပေးတာ။ ဘာပဲလုပ်လုပ် အကျိုးပေးတဲ့အခါ သူပေးချင်တာပေးတာ။ ကျွန်တော်မျိုး ထောက်ခံပါတယ်တဲ့။ အဲဒီတော့ မင်းကြီးကမေးတယ်၊ မင်းဘာဖြစ်လို့ ထောက်ခံတာလဲ။ အရှင်မင်းမြတ်၊ ကျွန်တော်မျိုးဟာ လွန်ခဲ့တဲ့ ဒုတိယဘဝကို ပြန်ပြီး အာရုံပြုလို့ရတယ်။ ဇာတိဿရဉာဏ်နဲ့ ပြန်လည်သိတယ်။ အဲဒီလို အာရုံပြုတဲ့အခါမှာ လွန်ခဲ့တဲ့ဘဝက ကျွန်တော်မျိုး ဘာ ဖြစ်ခဲ့ဖူးလဲဆိုတော့ နွားတွေ၊ ကျွဲတွေကိုသတ်ပြီး အသက် မွေးဝမ်း ကျောင်းပြုတဲ့ နွားသတ်သမား ဖြစ်ခဲ့ဖူးတယ်။ အင်မတန် ဆိုးရွားတဲ့ အကုသိုလ်နဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ပုဂ္ဂိုလ်၊ အရင် ဘဝက ဖြစ်ခဲ့ဖူးတာတဲ့။ အဲဒီလို ဖြစ်ခဲ့ဖူးတာကို အလာတ စစ်သူကြီးက ပြန်ပြီး သတိရတဲ့အခါကျတော့ ဦးဂုဏ ပြောတာ သိပ်ကိုမှန်တာပဲ။ ဘယ်လောက်ပဲ အကုသိုလ်ကံတွေလုပ်ခဲ့ လုပ်ခဲ့

အကုသိုလ်လုပ်လို့သာ မကောင်းကျိုးခံစားရမယ်ဆိုရင် ကျွန်တော် အခုဆိုရင် အောက်တန်းကျတဲ့ဘဝမှာ ဖြစ်နေမှာပေါ့"

"ဒါပေမယ့် အခုကျတော့ အဆင့်မြင့်ဆုံးဖြစ်တဲ့ ရာထူးကြီး ကျွန်တော်ရနေတယ်။ ဒါကြောင့်မို့ ကောင်းတာလုပ်လဲ ကောင်းကျိုး ပေးတာ မဟုတ်ဘူး။ မကောင်းတာလုပ်လဲ မကောင်းကျိုးပေးတာ မဟုတ်ဘူး။ အကျိုးဆိုတာ သူပေးချင်သလို ပေးနေတယ်ဆိုတဲ့ စကား ကျွန်တော် ထောက်ခံတယ်တဲ့။ အဲဒီလို မပြောဘူးလား။ ပြောလား။ (ပြောပါတယ်) အင်မတန် ဆန်းကြယ်တဲ့ အယူအဆပဲ နော်။ အဲဒီလို ပြောလိုက်တဲ့အခါကျတော့ အင်္ဂတိမင်းကြီးက နဂို ကမှ သူက ဦးဂုဏပြောတဲ့စကားကို ယုံကြည်မလိုလို ဖြစ်နေတဲ့ အချိန်အခါမျိုးမှာ အလာတ စစ်သူကြီးက ဒီလို ပြောလိုက်တဲ့ အခါ စိတ်ထဲမှာ အတော့်ကို ဇဝေဇဝါ ဖြစ်သွားတယ်တဲ့"

## ဗီဇက ကျွန်ရဲ့သဘောထား

"အဲဒီလို ဖြစ်နေတဲ့အချိန်အခါမှာ ဗီဇကအမည်ရှိတဲ့ ကျွန် ကလေးတစ်ယောက်ကလည်း ပါလာတယ်ပေါ့။ ဗီဇက အမည် ရှိတဲ့ ကျွန်ကလေးက ကျွန်ဆိုတော့လည်း အဲဒီခေတ်က ကျွန် ခေတ်ဆိုတော့ လူရာမဝင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပေါ့လေ။ အဲဒီလို လူရာမဝင်တဲ့ ပုဂ္ဂိုလ်လေးတစ်ယောက်ကလည်း ပရိသတ်ထဲမှာ ပါလာ၊ အဲဒီလိုပါလာတော့ ဗီဇက ကျွန်ကလည်း အတိတ်ဘဝ ကို ပြန်ပြီးအာရုံပြုလို့ရတယ်နော်။ အာရုံပြုလို့ရတဲ့အခါကျတော့ သူရဲ့ဘဝ ပြန်ပြီးအာရုံပြုကြည့်လိုက်တဲ့အခါ အတိတ်ဘဝက ဘာ

ဖြစ်ခဲ့သလဲဆိုရင် အလှူဒါနပေးကမ်းမှုမှာ အလွန်တရာ ဝါသနာပါတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ခဲ့တယ်" ပြန်အာရုံပြုလို့ရတာနော်။ အလှူဒါန ပေးကမ်းမှုမှာ အလွန်ဝါသနာပါတယ်။ ရဟန်းခံရှင်ပြု ဘယ်လိုကုသိုလ်မျိုးမဆို သူအကုန်လုပ်ခဲ့တာပဲ။ နောက်ဆုံး ကုန်ကုန်ပြောကြပါစို့၊ သူ့မှာ စားစရာပစ္စည်း စားမည့်တန်းလန်း ဖြစ်ပင် ဖြစ်စေကာမူ အလှူဒါန အလှူခံပုဂ္ဂိုလ်များ ရောက်လာခဲ့ သည်ရှိသော် သူစားနေတဲ့ ပစ္စည်းကိုတောင် မစားဘဲနဲ့ လှူခဲ့ ပါတယ်တဲ့။ အဲဒီလိုပုဂ္ဂိုလ်မျိုး ဖြစ်ခဲ့ဖူးတာ၊ ဒီလောက်တောင် အလှူဒါန ပေးကမ်းဖို့ ဝါသနာပါတဲ့ပုဂ္ဂိုလ်။ ယခုဘဝကျတော့ အင်မတန်ကိုနိမ့်ကျတဲ့ ကျွန်ကလေးတစ်ယောက် လာဖြစ်နေရ တယ်တဲ့။ အဲဒီလိုဖြစ်တဲ့အခါ ဗီဇကကျွန်က သူ့ကိုယ်သူ ပြန် စဉ်းစားတယ်၊ ဩော်...ငါဒီလောက် ကုသိုလ်ကောင်းမှုတွေ ပြုခဲ့ပါ လျက်နဲ့ ဒီဘဝမှာ အောက်တန်းကျတဲ့ဘဝ လာဖြစ်ရတာ၊ ရင်နာ စရာကောင်းပါလားဆိုပြီးတော့ သူ့ဘဝသူတွေးပြီး ယူကြုံးမရ ဖြစ်လွန်းလို့ တရှုံ့ရှုံ့ငိုနေတယ်၊ ဒီလိုမဟုတ်လား။ အဲဒါကို မင်းကြီး က လှမ်းကြည့်လို့ တွေ့တဲ့အခါ ဘာကြောင့် ငိုရပါသလဲလို့ မေးလိုက်တယ်၊ ဒီတော့ ဗီဇကကျွန်က ဒီအတိုင်း ပြန်ပြောပါတယ်၊ အရှင်မင်းကြီး ကျွန်တော့်ရဲ့ဘဝကို ပြန်တွေးပြီး အင်မတန် ရင်နာ လွန်းလို့ပါ။ ကျွန်တော်ဟာ အင်မတန် ကောင်းမှုကုသိုလ် ပြုလုပ်တဲ့ နေရာမှာ ဝါသနာပါပါတယ်။ အလှူဒါန ပြုလုပ်တဲ့နေရာမှာ အမြဲ တမ်း ဝါသနာပါပါတယ်။ ဝါသနာပါလို့လဲပဲ ကျွန်တော်စားမယ့် ထမင်းတောင် ကျွန်တော်မစားဘဲနဲ့ လှူဒါန်းခဲ့တာ၊ အဲဒီလောက်

အလှူဒါန ပေးကမ်းဖို့ ဝါသနာပါခဲ့ပါလျက်နဲ့ အလှူဒါနပေးကမ်းမှု ဆိုတဲ့ ဒါနကုသိုလ်တွေ ဒီလောက်ပြုခဲ့ပါလျက်နဲ့ ဒီဘဝမှာ အကျိုးပေး မထက်သန်ပဲ အောက်တန်းနောက်တန်း ကျနေရတဲ့ဘဝ ကျွန် လာဖြစ်နေရတယ်"

"ဒါကြောင့်မို့ ကိုယ့်ဘဝကိုယ်ပြန်တွေးပြီးတော့ လှူဒါန်းခဲ့တာတွေ နမြောလွန်းလို့ ငိုတာပါလို့ ပြန်ဖြေပါတယ်။ အင်္ဂတိမင်းကြီးကလည်း စိတ်ထဲမှာ သံသယဖြစ်နေတုန်း အလာတစ်သူကြီးကလည်း ထောက်ခံ၊ ဗီဇကကျွန်ကလည်း ထောက်ခံဆိုတော့ အင်္ဂတိမင်းကြီးရဲ့ သဏ္ဍာန်ထဲမှာ စောစောက ဦးဂုဏပြောတဲ့စကားတွေ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်ဆိုတဲ့ အတွေးက ယခုအချိန်ကျတော့ ဟုတ်တယ်ဆိုတဲ့ အတည်ပြုချက် ရသွားတယ်။ လောကမှာ ကံ,ကံ၏အကျိုးဆိုတာလည်းမရှိ ဒါနကုသိုလ်လည်း ပြုစရာလိုသေးလား။ မလိုပါဘူး။ လုပ်ချင်တာလုပ်၊ ပြောချင်တာပြော၊ ကြံချင်ရာကြံ၊ ကိုယ်ကြိုက်တဲ့အလုပ်သည် ကိုယ့်အတွက် ကုသိုလ်ကံပါ။ ကိုယ်မကြိုက်တဲ့ အလုပ်သည် ကိုယ့်အတွက်၊ ဘာကံလဲ။ ဩော်-မကောင်းတဲ့ အကုသိုလ်ကံပဲ။ အဲဒီလို ဆုံးဖြတ်ချက်ကလေးချပြီးတော့ အင်္ဂတိမင်းကြီးနဲ့ ပရိသတ်တွေ ပြန်လာကြတယ်။ ဒီလိုပြန်လာ၊ နန်းတော်ကို ပြန်ရောက်၊ နန်းတော်ရောက်တဲ့ အခါမှာ အင်္ဂတိ မင်းကြီးက သမီးတော်လေးကိုခေါ်ပြီး ဆုံးမတာပေါ့၊ သမီးတော်၊ သင့်ကို တစ်လ၊ တစ်လ အသပြာနှစ်ထောင်၊ နှစ်ထောင်ပေးနေရတယ်၊ တကယ်တမ်းကျတော့ ဒီအသပြာတွေဟာ မင်းစဉ်းစားကြည့်၊

သူများကို ပေးကမ်းလှူဒါန်းနေတာ ငွေကုန်ရုံပဲရှိတာပဲ၊ ဘာမှ အကျိုးဖြစ်လာတာမဟုတ်ဘူး။ အင်္ဂတိမင်းကြီးက ဦးဂုဏရသေ့ကြီး ပြောလိုက်တဲ့ တရားတော်ကို ကိုယ့်သမီးတော်ကို ပြန်ဟောပြ နေတာ၊ ဒီလိုမဟုတ်လား။ အဲဒီလိုပြန်ပြီးဟောပြနေတော့ အလှူဒါန ပြုလုပ်တာ ယနေ့မှစ၍ ရပ်လိုက်ပါတော့၊ ဘယ်လောက်ပဲလှူလှူ၊ ဘယ်လောက်ပဲတန်းတန်း ဘယ်လောက်ပဲ ကုသိုလ်ကောင်းမှုတွေ ပြုပြု၊ ဘယ်လောက်ပဲ စိတ်ကောင်းမွေးမွေး ကောင်းကျိုးချမ်းသာ ဆိုတာ ဖြစ်ချင်မှဖြစ်တာ၊ ဘာမှမလုပ်ဘဲနဲ့လည်းပဲ မကောင်းတာ တွေလုပ်နေပေမယ့် ကောင်းကျိုးကို ခံစားချင် ခံစားရတာ ဒါကြောင့်မို့ ဒီနေ့ကစပြီး အလှူဒါန ဘယ်တော့မှမလုပ်ပါနဲ့တော့၊ ကိုယ့်သမီးလေးကို ပြန်ပြီး နားချလား၊ မချဘူးလား (ချပါတယ် ဘုရား)၊ အဲဒီလိုနားချတဲ့အခါကျတော့ သမီးတော်လေးက ပင်ကိုယ် အသိရှိတဲ့ ပုဂ္ဂိုလ်လေးပဲ၊ ဩော်-ငါ့ခမည်းတော်မင်းကြီး အယူအဆ တွေတော့ လွဲကုန်ပြီ၊ ခံယူချက်တွေ အင်မတန်မှားကုန်ပြီ၊ ဒါပေ မယ့် သူ့ရဲ့ခမည်းတော်ဖြစ်တော့လည်းပဲ ဖခမည်းတော်ဖြစ်နေတဲ့ အခါကျတော့ သူကနေပြီး သူ့ရဲ့ခမည်းတော်သဏ္ဍာန်မှာရှိတဲ့ မှားယွင်းတဲ့ အယူတွေကို မှန်ကန်အောင် ပြန်ပြောင်းဖို့ဆိုတာလည်း တကယ်တမ်းကျတော့ လွယ်ပါ့မလား။ မလွယ်ဘူးပေါ့နော်၊ အဲဒီလို မလွယ်တဲ့အခါကျတော့ သူက စိတ်ပျက်လက်ပျက်နဲ့ ပြန်လာပြီး တော့ "အင်း-လောကမှာ အင်မတန်သိပ်ဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ် တွေ ရှိတတ်ပါတယ်၊ ခမည်းတော်ကြီးတော့ဖြင့် အယူတွေ မှားပြီးတော့ ဒီအတိုင်းနေလို့ရှိရင် မကောင်းတဲ့ဘဝ ကျင်လည်ရ

တော့မယ်၊ ခမည်းတော်ကြီးသင်္ချာန်မှာရှိတဲ့ မှား ယွင်းတဲ့အယူတွေ မှန်ကန်အောင် ဟောဖော်ပြသဆိုဆုံးမနိုင်မယ့် ပုဂ္ဂိုလ်များရှိခဲ့ရင် ကြွပါလို့ အဲဒီလို စိတ်ထဲက အဓိဋ္ဌာန်ပြီးတော့ ဆုတောင်းလိုက်တဲ့ အခါကျတော့ ဘုရားလောင်းဖြစ်တဲ့ နရဒ ဗြဟ္မာကြီးက ဗြဟ္မာပြည် ကနေ ကြွားတယ်၊ အဲဒီလိုကြွားပြီးတော့ လူ့ပြည်ကိုလာခဲ့တယ်၊ အင်္ဂတိမင်းကြီးကို တရားဟောဆုံးမတယ်၊ အဲဒီလို တရားဟောပြီး ဆုံးမလိုက်တဲ့အခါကျတော့ အင်္ဂတိမင်းကြီး အမြင်မှန်တွေရပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြန်ပြီးတော့ ပြုလုပ်ပါတယ်၊ အဲဒီတော့ ဒီနေရာမှာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ စောစောတုန်းက အလာတစ်သူကြီးနဲ့ ဗီဇကကျွန် သူတို့နှစ်ယောက်ရဲ့ ဘဝအခြေ အနေ စဉ်းစားကြည့်ပေါ့၊ အလာတ စစ်သူကြီးဆိုရင် ဟိုဘဝ တုန်းက ဘာလုပ်ခဲ့တုန်း။ နွားသတ်သမား လုပ်ခဲ့တယ်၊ ဒီဘဝ ကျတော့ အကျိုးပေးတွေ မကောင်းဘူးလား။ ကောင်းလား။ အင်မတန်ကောင်းတယ်။ အမတ်ချုပ်ကြီး စစ်သူကြီးဆိုတာ အင်မတန် ကြီးမြင့်တဲ့ ရာထူးကြီးရထားတာ ဟုတ်တယ် မဟုတ် လား။ ဟိုဘက်ဘဝက သားသတ်သမားဖြစ်ခဲ့စဉ် အကုသိုလ်တွေ ပြုခဲ့ပေမယ့် ဒီဘဝမှာလာပြီးတော့ အင်မတန် ကြီးကျယ်တဲ့ ရာထူးကြီးရတယ်၊ ဟော ဗီဇကကျွန် ကျတော့ ဟိုဘက်ဘဝ တုန်းက အင်မတန် အလှူဒါန၊ ပေးကမ်းမှုမှာ ဝါသနာ ပါခဲ့တဲ့ ပုဂ္ဂိုလ်၊ အကြီးအကျယ်လည်း လှူခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်ခဲ့ပါလျက်နဲ့ ဒီဘဝမှာ အင်မတန်နုံချာတဲ့ ကျွန်ကလေးတစ်ယောက် ဖြစ်ရတယ်။ ကံရဲ့အကျိုးပေး မဆန်းကြယ်ဘူးလား။ ဆန်းကြယ်လား၊ ဆန်း

ကြယ်တယ်နော်၊ အဲဒီလို ဆန်းကြယ်ပုံလေးကို သဘောပေါက်ပြီးတော့ အတိတ်ဘဝကို အာရုံပြုလိုက်တဲ့အချိန်မှာ ရုစာဒေဝီလေးက သူတို့လို တစ်ဘဝတည်း အာရုံပြုလို့ရတာမဟုတ်ဘူးတဲ့၊ အတိတ်ခုနစ်ဘဝ အာရုံပြုလို့ရတယ်တဲ့၊ အဲဒီလို အာရုံပြုကြည့်လိုက်တဲ့အခါ အတိတ်ဘဝတုန်းက ဘယ်ဘဝဖြစ်ခဲ့တယ်၊ ဘာတွေဖြစ်ခဲ့တယ်၊ အဲဒီလိုဖြစ်ခဲ့တဲ့ဘဝတွေကို ပြန်လည်တွေးကြည့်လိုက်တဲ့အခါကျတော့ ဪ–ကံဆိုတာက ဒီဘဝမှာပြုရင် ဒီဘဝမှာ အကျိုးပေးတဲ့ကံရှိသလို၊ ဒီဘဝမှာပြုပြီး နောက်ဘဝမှာ အကျိုးပေးတဲ့ကံဆိုတာလည်း ရှိတယ်၊ ဒီဝဘမှာပြုပြီး နှစ်ဘဝ၊ သုံးဘဝ၊ လေးဘဝ၊ ငါးဘဝ၊ ခြောက်ဘဝ စသည်ဖြင့် ဘဝတွေခြားပြီး အကျိုးပေးတဲ့ကံလည်းပဲ ရှိတယ်လို့ ရုစာဒေဝီလေးက သဘောမပေါက်ဘူးလား၊ ပေါက်လား၊ ပေါက်သွားတယ်နော်၊ အခုနက ပြောခဲ့တဲ့ ကံဘယ်နှစ်မျိုးလဲ၊ လေးမျိုးပါဘုရား၊ နံပါတ်တစ်ကံက ဘယ်ဘဝမှာ အကျိုးပေးမှာလဲ၊ ပစ္စုပ္ပန်ဘဝ၊ နံပါတ်နှစ်ကံက ဘယ်ဘဝမှာအကျိုးပေးမှာလဲ ဒုတိယဘဝ၊ နံပါတ်သုံးကံက ဘယ်ဘဝမှာအကျိုးပေးမှာလဲ တတိယဘဝကနေ နိဗ္ဗာန်ရောက်သည်အထိ၊ နံပါလေးကံကျတော့ အားကလည်းနည်း၊ အားကောင်းပြားသော်လည်း မဂ်နဲ့ သတ်လိုက်တဲ့အခါကျတော့ အကျိုးပေးလို့ရပါ့မလား၊ (မရပါဘူး ဘုရား)၊ အကျိုးပေးလို့မရဘူး၊ အဟောသိကံ အဲဒီလိုကံရဲ့ သဘောတရားလေးတွေကို ဂုစာက သဘောပေါက်သွားတဲ့အခါ “အင်း–အလာတစစ်သူကြီးတော့ အယူအဆတွေမှားနေပြီ၊ ဗိဇကဿပ်ရဲ့ အယူအဆတွေလဲ

များနေပြီ၊ သူ့ခမည်းတော်ကြီးရဲ့ အယူအဆတွေလဲ များနေပြီ၊ သူက မသိဘူးလား သိလား၊ သိပါတယ်။

## စစ်သူကြီး၏ရှေးကောင်းမှု

အဲဒီနေရာမှာ အဋ္ဌကထာဆရာက ဘာပြောလဲဆိုတော့ အဋ္ဌကထာ ဆရာက ကြားဖြတ်ပြီးတော့ ရှင်းပေးပါတယ်၊ အလာတ စစ်သူကြီးက ဟိုအတိတ်ဘဝတုန်းက သားသတ်သမား ဖြစ်ပင် ဖြစ်ငြားသော်လည်း ဒီဘက်ဘဝမှာလာပြီး အင်မတန် ကြီးကျယ်တဲ့ ရာထူးကြီးရပြီးတော့ ကောင်းစားနေတယ်၊ အဲဒီလို ကောင်းစားနေတဲ့ အနေအထားကို ဘယ်လိုရှင်းပြပေးသလဲ ဆိုတော့ အလာတစစ်သူကြီးရဲ့သဏ္ဍာန်မှာ အခုဘဝမှာ အင်မတန် ကြီးကျယ်တဲ့ ရာထူးကြီးရနေခြင်းသည် ဟိုဘက်ဘဝက လုပ်ခဲ့တဲ့ အကုသိုလ်ကံကြောင့် ရတာမဟုတ်ဘူး၊ လွန်ခဲ့တဲ့ လေးငါးဘဝ လောက်တုန်းက အဲဒီ အလာတစစ်သူကြီးဟာ ကဿပဘုရား ရှင်ရဲ့ သာသနာနောက်ပိုင်းမှာ ကဿပဘုရားရှင်ရဲ့ ဓာတ်တော် တွေကို ပူဇော်ပြီး စေတီတည်ထားတဲ့၊ ဓာတ်တော်စေတီတစ်ဆူ ရှိတယ်၊ အဲဒီဓာတ်တော်စေတီ တည်ထားပူဇော်ခဲ့တယ်၊ ပန်းတွေ ပူဇော်ခဲ့တယ်၊ ရေချမ်းတွေပူဇော်ခဲ့တယ်၊ ဆီမီးတွေပူဇော်ခဲ့တယ်၊ ပြုပြင်မွမ်းမံပြီးတော့ ပူဇော်ခဲ့တယ်၊ အဲဒီလို ကဿပဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဓာတ်တော်စေတီ ပူဇော်ခဲ့ဖူးတဲ့ ကုသိုလ် ကောင်းမှုကြောင့် အဲဒီကုသိုလ်ကလာပြီး အကျိုးပေးတဲ့အတွက် ဒီဘဝမှာ အဆင့်မြင့်တဲ့ရာထူး လာပြီးရလာခဲ့တယ်လို့ မပြော

ဘူးလား၊ ပြောလား (ပြောထားပါတယ်ဘုရား) အဲဒီတော့ အလာတစ်ခုကြီးရဲ့ သဏ္ဍာန်မှာ ဘယ်လိုပင်မကောင်းတာ လုပ်ခဲ့ပေမယ့် အကျိုးပေးတော့ ကောင်းကျိုးတွေပေးနေတာပဲဆိုတဲ့ စကား မှန်ပါ့မလား၊ (မမှန်ပါဘူးဘုရား)၊ အဲဒီရာထူးကြီးကြီးနဲ့ အကျိုးပေးခြင်းသည် ဟိုဘက်ဘဝက လုပ်ခဲ့တဲ့ အကုသိုလ်ကံကြောင့် အကျိုးပေးတာမှ မဟုတ်ဘဲ၊ ဘယ်တုန်းကလုပ်ခဲ့တဲ့ကံက အကျိုးပေးတာလဲဆိုရင် ဟိုလွန်ခဲ့တဲ့ လေးငါးခြောက်ဘဝကလုပ်ခဲ့တဲ့ ကဿပဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဓာတ်တော်စေတီ ပူဇော်ခဲ့ဖူးတဲ့ ပန်းလှူခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှုကလာပြီးတော့ အကျိုးပေးတယ်လို့ အဲဒီလိုယူလိုက်မယ်ဆိုရင် ဩော်–ကုသိုလ်ကံက ကောင်းသော အကျိုးပေးတာပဲလို့ အဖြေမှန်လေးတွေ မရဘူးလား (ရပါတယ်ဘုရား)၊ ဟိုဘက်ဘဝတုန်းကလုပ်ခဲ့တဲ့ အကုသိုလ်ကံက အကျိုးပေးတာမဟုတ်ဘူး၊ လွန်ခဲ့တဲ့ လေးငါးဘဝလောက်တုန်းက လုပ်ခဲ့တဲ့ ကုသိုလ်ကံက ဒီဘဝလာပြီးတော့ အကျိုးပေးတာဖြစ်တဲ့ အတွက် ကောင်းကျိုးရနေခြင်းသည် ကောင်းတဲ့ကံရဲ့အကျိုးလား မကောင်းတဲ့ကံရဲ့ အကျိုးလား (ကောင်းတဲ့ကံရဲ့အကျိုး) ကောင်းတဲ့ ကံရဲ့ အကျိုးဆိုတာ အဖြေမှန်မထွက်ဘူးလား (ထွက်သွားပါတယ်ဘုရား)၊ ဗိဇကကျွန်ကျပြန်တော့လည်း ဒီအတိုင်းပါပဲ၊ ဟိုဘက် ဘဝတုန်းက ကောင်းတဲ့ကံတွေ လုပ်ခဲ့တယ်၊ အဲဒီကောင်းတဲ့ကံ တွေက ဒီဘဝမှာလာပြီးတော့ အကျိုးပေးတာမှမဟုတ်ဘဲ။

## ဝိစတေကျွန်ရဲ့ ကံကြွေး

လွန်ခဲ့တဲ့ လေးငါးဘဝလောက်တုန်းက သူလည်း ကဿပဘုရားရှင်ရဲ့ သာသနာမှာ အမျိုးကောင်းသားတစ်ယောက် ဖြစ်ခဲ့ဖူးတယ်။ တစ်နေ့ ရဟန်းတော်တစ်ပါး တောထဲမှာ လမ်းပျောက်နေတယ်၊ လမ်းမှန် ငါ့ပြောပြစမ်းပါလို့၊ မတောင်းပန်ဘူးလား။ တောင်းပန်လား (တောင်းပန်ပါတယ်ဘုရား)၊ အဲဒီလို တောင်းပန်လိုက်တဲ့အခါမှာ သူကတော့ ကောင်းကောင်းမွန်မွန် ပြောပြီး တောင်းပန်လိုက်တာပါပဲ၊ ဒါပေမယ့် အဲဒီလူက ပျက်ရယ်ပြုတဲ့ အနေနဲ့ ရဟန်းများဟာ တယ်ဆိုးတာပဲ၊ ကျွန်တွေလိုပါပဲလား။ သွားချင်ရာသွား၊ လာချင်ရာလာ၊ ပြောချင်ရာပြော၊ မေးချင်ရာမေး ကြုံသလိုလှည့်လည်နေတာပဲလို့ မပြောဘူးလား၊ (ပြောပါတယ်ဘုရား)၊ ဘယ်သူ့ကို ပြစ်မှားခဲ့တာလဲ၊ ရဟန်းတော် အရှင်မြတ်ကို ပြစ်မှားခဲ့တာ၊ အဲဒီလို ရဟန်းတော်အရှင်မြတ်ကို ပြစ်မှားခဲ့တဲ့ ဝစီဘေဒကံဟာ သူ့ရဲ့သဏ္ဍာန်မှာ အေး–ကံဆိုတာက နာမ်တရား၊ စေတနာ၊ နာမ်တရားက ဖြစ်ပြီးရင်ပျက်၊ ပျက်ပြီး သွားတဲ့အခါကျတော့ သတ္တိအဖြစ်နဲ့ မကျန်ခဲ့ဘူးလား ကျန်ခဲ့လား (ကျန်ခဲ့ပါတယ်ဘုရား)၊ အဲဒီလို ကျန်ခဲ့တဲ့သတ္တိက ဒီဘဝမှာ လာပြီးတော့ အကျိုးပေးတဲ့အခါမှာ ရဟန်းတော်အရှင်သူမြတ်ကို ကျွန်တစ်ယောက်လိုပါပဲလားလို့ ပြောခဲ့ဖူးတဲ့ကံက ဒီဘဝမှာလာပြီး အကျိုးပေးတာပါ၊ ဒီလိုမဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)၊ ဟိုဘဝကပြုခဲ့တဲ့ ကုသိုလ်ကံက အကျိုးပေးတာမဟုတ်ဘူးနော်၊

လွန်ခဲ့တဲ့ လေးငါးခြောက်ဘဝက လုပ်ခဲ့တဲ့ အကုသိုလ်ကံက လာပြီး ဒီဘဝမှာ အကျိုးပေးတယ်ဆိုတာ မသေချာလား။ (သေချာပါတယ်ဘုရား)။

## ကံဆိုတာ အကျိုးပေးတတ်တဲ့သဘောရှိတယ်

အဲဒီတော့ ဒီနေရာမှာ စဉ်းစားကြည့်လိုက်ပါ၊ ကောင်းတာလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်သည် အဲဒီကောင်းတဲ့ကံက အကျိုးပေးတဲ့အခါမှာ ကောင်းတဲ့အကျိုးပေးမှာလား၊ မကောင်းတဲ့အကျိုးပေးမှာလား (ကောင်းတဲ့အကျိုးပေးမှာပါဘုရား)၊ ကောင်းတဲ့ကံသည် ကောင်းတဲ့အကျိုးပေးမှာပဲ၊ ကောင်းတဲ့ကံက မကောင်းတဲ့အကျိုးပေးရိုးထုံးစံ ရှိပါ့မလား၊ (မရှိပါဘူးဘုရား)၊ ထိုနည်းအတိုင်းပဲ မကောင်းတဲ့ကံကလည်း ဘာအကျိုးပေးမှာလဲ၊ (မကောင်းကျိုးပေးမှာပါဘုရား)၊ မကောင်းတဲ့ကံသည် ကောင်းတဲ့အကျိုး ပေးရိုးထုံးစံရှိပါ့မလား (မရှိပါဘူးဘုရား)၊ အဲဒီ မရှိပင်မရှိငြားသော်လည်း ဒီခေတ်ဒီအခါမှာ တချို့က ဘာပြောတုန်းဆိုတော့ အကုသိုလ်အလုပ်နဲ့လုပ်ပြီး ကြီးပွားနေရင် အကုသိုလ်အလုပ်နဲ့အကျိုးပေးတယ်တဲ့၊ အဲဒီလိုလေးတွေ မပြောဘူးလား၊ ပြောလား (ပြောပါတယ်ဘုရား)၊ အကုသိုလ်နဲ့တော့အကျိုးမပေးနိုင်ဘူးဟုတ်လား၊ အကုသိုလ်နဲ့တော့ အကျိုးပေးပါ့ သား၊ (မပေးပါဘူးဘုရား)၊ အကုသိုလ်နဲ့ အကျိုးပေးရင်တော့ ကောင်းတဲ့အကျိုး ဘယ်တော့မှ မပေးဘူး၊ မကောင်းတဲ့အကျိုးပဲ ပေးမှာပဲ၊ ဒါကိုပဲ လောကမှာရှိတဲ့ ပုဂ္ဂိုလ်တွေက ဘယ်လိုပြောလဲ၊ ဩော်-သူတို့က မကောင်းတဲ့

အလုပ်နဲ့ စီးပွားဖြစ်တယ်၊ အကုသိုလ်ကံနဲ့ အကျိုးပေးတယ်လို့ ပြောသလား၊ မပြောဘူးလား၊ (ပြောပါတယ်ဘုရား)၊ အဲဒီအပြော ကိုက မှားသလား၊ မမှားဘူးလား၊ (မှားနေပါတယ်ဘုရား)၊ အဲဒီ အပြောအတိုင်း ယုံယုံကြည်ကြည် နှစ်နှစ်သက်သက်နဲ့ လက်ခံ မယ်ဆိုရင် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဖြစ်ပါ့မလား (မဖြစ်ပါဘူး ဘုရား)၊ အဲဒီလို အပြောသည် တခြားအပြောလား၊ ဒိဋ္ဌိအပြော လား (ဒိဋ္ဌိ အပြောပါဘုရား)၊ ဗုဒ္ဓဘာသာတရားရဲ့ အပြော ဟုတ်ပါ့မလား (မဟုတ်ပါဘူးဘုရား)၊ မကောင်းတဲ့အလုပ်ကတော့ ကောင်းတဲ့အကျိုး ဘယ်တော့မှပေးမှာမ ဟုတ်ဘူး၊ ဒကာ ဒကာမ တွေ သေချာမှတ်ထား (မှန်ပါဘုရား)၊ မကောင်းတဲ့အလုပ်က ဘာအကျိုး ပေးမှာလဲ၊ မကောင်းတဲ့အ ကျိုးပဲပေးမှာပဲ၊ ကောင်းတဲ့ အလုပ်ကရော ဘာအကျိုးပေးမှာလဲ၊ ကောင်းတဲ့အကျိုးပဲပေးမှာပဲ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)၊ အကျိုးပေးခွင့်မကြုံရင်တော့ ငုတ်ပြီးတော့ နေမှာလား၊ မနေဘူးလား (နေပါတယ်ဘုရား)၊ ဒီဘဝမှာ အခွင့်သာတဲ့ကံသည် ဒီဘဝမှာ အကျိုးပေးပါလိမ့်မယ်၊ ဒီဘဝမှ အကျိုးပေးဖို့ အခွင့်မသာရင် ဘယ်ဘဝအကျိုးပေးမှာလဲ၊ ဒုတိယဘဝ၊ ဒုတိယဘဝမှာ အကျိုးပေးခွင့်မသာရင် တတိယဘဝ၊ တတိယဘဝကနေ နိဗ္ဗာန်ရောက်သည်အထိ ဒီကြားထဲမှာ အကျိုး ပေးမယ်၊ (ပေးပါမယ်ဘုရား)၊ ကံမှန်ရင် အကျိုးမပေးဘဲနေတဲ့ ကံရယ်လို့ ရှိပါ့မလား (မရှိပါဘူးဘုရား)၊ ကောင်းတဲ့ကံလုပ်ရင် ကောင်းတဲ့အကျိုးပေးမယ်၊ မကောင်းတဲ့ကံလုပ်ရင် မကောင်းတဲ့ အကျိုးမပေးဘူးလား၊ ပေးမှာလား (ပေးမှာပါဘုရား)၊ အဲဒါကြောင့်

မို့လို့ ဒီနေရာမှာ ကံ–ကံရဲ့ သဘောတရားလေးတွေ အဖြေထုတ်ပြီး ကြည့်လိုက်တဲ့အခါကျတော့ ကံမှန်ရင် အကျိုးပေးတတ်တဲ့သဘောရှိပါတယ်လို့ အဖြေထုတ်လိုက်တာပေါ့နော်၊ အဲဒီတော့ ဘယ်လိုအဖြေထုတ်မလဲ၊ ဘုန်းကြီးတို့ပရိသတ် ကံမှန်ရင် အကျိုးပေးတတ်တဲ့သဘောရှိတယ်။ အဖြေလေးတွေ ရလားမရဘူးလား (ရပါတယ်ဘုရား)၊ အကျိုးမပေးတဲ့ကံရယ်လို့ ရှိပါ့မလား (မရှိပါဘူးဘုရား)၊ အဲဒါကြောင့် ကံမှန်ရင် အကျိုးပေးတတ်တဲ့ သဘောရှိတယ်၊ (အကျိုးပေးတာမတွေ့သေးရင် အလှည့်မကျသေးလို့သာမှတ်)။ အကျိုးပေးတဲ့ကံတွေထဲမှာလည်း ကောင်းတဲ့ကံလုပ်ရင် ကောင်းတဲ့အကျိုးပေးမယ်၊ မကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုးပေးမယ်၊ ကောင်းကံ မကောင်းကံဆိုတဲ့ အကျိုးပေးနှစ်ခုနဲ့ သံသရာခရီးမှာ မလျှောက်လှမ်းရဘူးလား၊ (လျှောက်လှမ်းရပါတယ် ဘုရား)၊ အဲဒီလိုဆိုရင် သံသရာခရီးလမ်း လျှောက်လှမ်းနေတဲ့ပုဂ္ဂိုလ်တွေဟာ မိမိတို့၏ သဏ္ဍာန်မှာ ကောင်းကံကို အဖော်ပြုပြီး လျှောက်လှမ်းနေကြရသလို မကောင်းကံအဖော်ပြုပြီးတော့ရော မလျှောက်လှမ်းရဘူးလား၊ (လျှောက်လှမ်းရပါတယ်ဘုရား)၊ ဘဝကလေးနိမ့်ကျသွားရင် ဘယ်ကံရဲ့ အကျိုးပေးလဲ၊ မကောင်းကံရဲ့အကျိုး၊ ဘဝကလေး မြင့်တက်လာရင် ကောင်းကံရဲ့အကျိုး၊ ဩော်–နိမ့်တစ်လှည့်၊ မြင့်တစ်ချီ၊ ကောင်းကံလေးကဝင်လာရင် ကောင်းတဲ့အကျိုး (ပေးမှာပါဘုရား)၊ မကောင်းကံကလေးဝင်လာရင် မကောင်းတဲ့အကျိုး (ပေးမှာပါဘုရား)၊ ကောင်းကံလေးဝင်လာရင် ကောင်းတဲ့အကျိုး

ပေးမှာပဲ၊ မကောင်းကံကလေးဝင်လာရင် မကောင်းတဲ့အကျိုး ပေးကိုပေးမှာပဲ၊ အေး–အဲဒီလိုဆိုရင် ဘဝသံသရာ ကျင်လည် နေတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ကံကို အဖော်ပြုပြီးတော့ ကျင် လည်နေရတယ်ဆိုတဲ့ အခါကျတော့ ကံဘယ်နှစ်မျိုးကို အဖော်ပြု ကျင်လည်နေရတုန်း။ နှစ်မျိုးပါ၊ (၁) ကောင်းတဲ့ကံ၊ (၂) မကောင်း တဲ့ကံ၊ အဲဒီကံနှစ်မျိုးရှိနေသမျှ ဒီကံတွေ အကျိုးပေးဦးမယ်၊ ကောင်းပြီ၊ ဒါဖြင့် ကံအမြင်ကို ဉာဏ်အမြင်နဲ့ ဝေဖန်ကြည့်ကြ ဦးစို့။ ကံရှိနေရင် ကမ္မဘဝ ပစ္စယာဇာတိတဲ့၊ ဇာတိရပ်မလား မရပ်ဘူးလား (မရပ်ပါဘူးဘုရား)၊ အဲဒီဇာတိမရပ်ဘူးဆိုရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဇာတိမရပ်တာ တခြားလား၊ သံသရာကျင်လည်နေတာလား။ (သံသရာကျင်လည်နေတာပါ ဘုရား)

## ကံလမ်းမှသည် ဉာဏ်လမ်းသို့

အဲဒီလိုဆိုရင် ကောင်းကံဖြစ်စေ၊ မကောင်းကံဖြစ်စေ၊ ကံလမ်း သွားနေကြတဲ့ ပုဂ္ဂိုလ်တွေသည် တခြားလား၊ သံသရာ ရှည်ကြ မယ့် ပုဂ္ဂိုလ်တွေလား (သံသရာရှည်ကြမယ့် ပုဂ္ဂိုလ်တွေပါဘု ဘုန်းကြီးတို့ ဒကာ ဒကာမတွေက သံသရာရှည်ချင်လား၊ တိုချင် လားမေးရင် ဘယ်လိုပြောမလဲ၊ (သံသရာတိုချင်ပါတယ်ဘုရား)၊ တိုချင်ပါတယ် ဆိုရင် ကံအားကိုးရမလား၊ ဉာဏ်အားကိုးရမလား၊ (ဉာဏ်အားကိုး ရပါမယ်ဘုရား)၊ ကံအားမကိုးရဘူးနော်၊ ဉာဏ်အားကိုးရမယ်၊ ဉာဏ်ဆိုတာကတော့ ဘာဉာဏ်လဲဆိုရင်

မဂ္ဂင်ဉာဏ်ပေါ့၊ ဘာဉာဏ်ပါလိမ့်၊ (မဂ္ဂင်ဉာဏ်ပါဘုရား)၊ အဲဒီ မဂ္ဂင်ဉာဏ်များ အားကိုး လိုက်မယ်ဆိုရင်တော့ သံသရာရှည်သွား မှာလား၊ တိုသွားမှာလား (သံသရာတိုသွားမှာပါဘုရား)၊ အဲဒီလို ဆိုရင် ဘုန်းကြီးတို့ ကံလမ်း ပြောပြီးတဲ့အခါမှာတော့ ဉာဏ်လမ်းကို ဆက်ပြောပေးပါနော်၊ အဲဒီတော့ မိမိတို့ရဲ့ သန္တာန်မှာ ကံချည်းပဲ အားကိုးနေလို့ မဖြစ်ဘူး၊ ကံအားကိုးမယ်ဆိုရင် သံသရာရှည်မှာ လား တိုသွားမှာလား (ရှည်သွားမှာပါဘုရား)၊ သံသရာတိုချင်ပါ တယ်ဆိုရင် ဘာအားကိုးရမှာလဲ၊ (ဉာဏ်အားကိုးရမှာပါဘုရား)၊ အဲဒီဉာဏ်က ဘယ်လိုဟာကို ဉာဏ်လို့ပြောတာလဲဆိုတော့ အမှန် မြင်တဲ့ ဉာဏ်၊ ဘယ်လိုဟာကို ဉာဏ်လို့ပြောတာလဲ၊ (အမှန် မြင်တဲ့ဉာဏ်)၊ အမှန်သဘောတရားကို မြင်တဲ့ဉာဏ် ပါဠိလိုပြော လိုက်တော့ တခြားလား၊ သမ္မာဒိဋ္ဌိလား၊ အဲဒီတော့ မိမိတို့ရဲ့ သန္တာန်မှာ သမ္မာဒိဋ္ဌိဆိုတဲ့ ဉာဏ်ကလေးဖြစ်အောင် ကျိုးစား ရတော့မယ်၊ သမ္မာဒိဋ္ဌိဆိုတဲ့ ဉာဏ်ကလေးဖြစ်အောင် ကျိုးစား ရတော့မယ်၊ သမ္မာဒိဋ္ဌိဆိုတဲ့ ဉာဏ်ကလေးဖြစ်အောင် ဘယ်လို ကျိုးစားမလဲဆိုရင် မိမိတို့ရဲ့ သန္တာန်မှာ ရှိတဲ့ရုပ်သဘော၊ နာမ် သဘော၊ ခန္ဓာသဘော မကြည့်ရဘူးလား၊ ကြည့်ရမှာလား၊ (ကြည့်ရမှာပါဘုရား)၊ အဲဒီလိုကြည့်လိုက်တဲ့အခါကျတော့ ရုပ် သဘော၊ နာမ်သဘော၊ ခန္ဓာသဘောသည် မိမိတို့နေ့စဉ်မြင်နေတဲ့ အမြင်က ဘယ်လိုအမြင်နဲ့ မြင်နေသလဲဆိုတော့ ယောကျ်ား တွေ၊ မိန်းမတွေ၊ ပုဂ္ဂိုလ်တွေ၊ သတ္တဝါတွေ၊ ဒူးတွေ၊ ပေါင်တွေ၊ ခါးတွေ၊ ခြေတွေ၊ လက်တွေဆိုတဲ့ အမြင်တွေနဲ့ မမြင်ဘူးလား၊

မြင်နေလား။ (မြင်နေပါတယ်ဘုရား)၊ အဲဒါကတခြားလား။ မြင်ရိုး မြင်စဉ် အမြင်လား (မြင်ရိုးမြင်စဉ်အမြင်ပါဘုရား)၊ အဲဒီလို မြင်ရိုး မြင်စဉ်မြင်နေတဲ့ အမြင်ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မြင်ရိုးမြင်စဉ်အမြင်မဟုတ်တဲ့ မှန်ကန်တဲ့အမြင်နဲ့ ပြောင်းပြီးတော့ ကြည့်ပေးလိုက်မယ်ဆိုရင် ဒူး၊ ပေါင်၊ ခါး၊ ခြေ၊ လက် ယောက်ျား မိန်းမတွေ့ရမှာလား၊ ရုပ်သဘော၊ နာမ်သဘောတွေ့ရမှာလား၊ (ရုပ်သဘော၊ နာမ်သဘော တွေ့ရမှာပါဘုရား)၊ ရုပ်သဘော နာမ်သဘော၊ အကျယ်ပွားတော့ ခန္ဓာဘယ်နှစ်ပါးလဲ၊ ခန္ဓာငါးပါး။ ဘာခန္ဓာတွေပါလဲ၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။ အဲဒီခန္ဓာငါးပါးဆိုတာက ပုံပန်း သဏ္ဍာန်ကြီးမဟုတ်ပါဘူး၊ အကောင်အထည်ကြီးမဟုတ်ပါဘူး၊ သဘောတရားလေးပါ၊ သဘောတရားလေးက ဘာတွေလဲ မေးတော့ ရုပ်သည် ဖောက်ပြန်တဲ့သဘောတရား၊ ဘာသဘော တရားလဲ (ဖောက်ပြန်တဲ့သဘောတရား)၊ ဝေဒနာသည် ခံစားတဲ့ သဘောတရား။ ဝေဒနာက ဘာသဘော (ခံစားတဲ့သဘောတရား)၊ သညာက မှတ်သားတဲ့သဘောတရား။ သညာက ဘာသဘော (မှတ်သားတဲ့သဘောတရား)၊ ဟော-သင်္ခါရကျတော့ ပြုပြင်တဲ့ သဘောတရားရှိတယ်၊ သင်္ခါရ ဘာသဘောရှိ (ပြုပြင်တဲ့သဘော ရှိပါတယ်)၊ စိတ်ဆိုတဲ့ ဝိညာဏ်က သိတတ်တဲ့ သဘောတရား ရှိတယ်၊ ဘာသဘောတရားရှိပါလိမ့်၊ (သိတတ်တဲ့သဘောတရား ရှိပါတယ်)၊ ဟော-ဒီလိုဆိုရင် မိမိတို့ရဲ့သဏ္ဍာန်မှာ ပူလိုက်၊ အေးလိုက်၊ ထုံလိုက်၊ ကျင်လိုက်၊ နာလိုက်၊ ကိုက်လိုက်၊ ခဲလိုက်၊

ဖောက်ပြန်တဲ့သဘောတရားလေးတွေ ရှိလား မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အဲဒီ ဖောက်ပြန်တဲ့သဘောတရားလေးတွေကို ဘာခန္ဓာလဲမေးတော့ ရူပက္ခန္ဓာ၊ ထုံတယ်၊ ကျင်တယ်၊ နာတယ်၊ ကိုက်တယ်၊ ခဲတယ်ဆိုတဲ့ သဘောတရားလေးတွေ သည် ရူပက္ခန္ဓာဆိုတဲ့ ရုပ်တရားရဲ့ ဖောက်ပြန်မှုလေးတွေပါပဲ၊ အဲဒါကြောင့်မို့လို့ ဒီသဘောတရားလေးတွေကို နာမည်တပ်ပြပါဆိုရင် ဘယ်လို နာမည်တပ်မလဲ၊ ဝိညာဏက္ခန္ဓာ၊ သိတတ်တဲ့သဘောတရားလေးက ဘာခန္ဓာပါလိမ့်၊ (ဝိညာဏက္ခန္ဓာ)။ အဲဒီ ဝိညာဏက္ခန္ဓာ စိတ်ကလေးထဲမှာ ဟော ထူးထူးခြားခြားလေး ဖြစ်လာပြီဆိုရင် ခံစားရတဲ့ သဘောတရားလေး မပါဘူးလား ပါလား (ပါလာပါတယ်ဘုရား)၊ ခံစားတဲ့သဘောတရားလေးက ဘာခန္ဓာလေးပါလိမ့်၊ ဝေဒနာက္ခန္ဓာ၊ ဘာခန္ဓာလဲ (ဝေဒနာက္ခန္ဓာ)၊ ဟော မနေ့တုန်းကနာတာနဲ့ ဒီနေ့နာတာ မတူဘူး၊ မနေ့တုန်းက ကျင်တာနဲ့ ဒီနေ့ကျင်တာ မတူဘူး၊ ဒီအချိန်ရောက်ရင် နာတယ်၊ ဒီအချိန်ရောက်ရင် ကျင်တယ်၊ မှတ်သားတဲ့သဘောတရားလေးတွေရော မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ အဲဒီမှတ်သားမှု သဘောတရားလေးက ဘာခန္ဓာပါလိမ့်၊ သညာက္ခန္ဓာ၊ ရွှေ့ချင်တယ်၊ ပြောင်းချင်တယ်ဆိုတော့ ပြုပြင်တတ်တဲ့သင်္ခါရက္ခန္ဓာ မဖြစ်ဘူးလား၊ (ဖြစ်လာပါတယ်ဘုရား)၊ သြော်–မရွှေ့တော့ပါဘူး၊ မပြောင်းတော့ပါဘူး၊ ငါ တစ်နာရီ ပြည့်အောင်ထိုင်ပါတော့မယ်၊ နာရီဝက်ပြည့်အောင်ထိုင်ပါ့မယ်၊ သဒ္ဓါတရားလေးနဲ့ ထိုင်လိုက်ပြန်တော့လဲ အဲဒီစိတ်ကူးလေးက တခြားလား၊ သင်္ခါရက္ခန္ဓာလေးလား၊

(သင်္ခါရက္ခန္ဓာလေးပါဘုရား)၊ အဲဒီလိုဆိုရင် မိမိရဲ့ခန္ဓာမှာ သဘောတရားတွေ ဘယ်နှစ်မျိုးရှိလဲ၊ ငါးမျိုးပါ၊ ရူပက္ခန္ဓာ၊ ဘာသဘောတရားရှိ (ဖောက်ပြန်တဲ့သဘောပါဘုရား)၊ ဝေဒနာက္ခန္ဓာ ဘာသဘောတရားရှိပါလိမ့်၊ (ခံစားတဲ့သဘောပါဘုရား)၊ သညာက္ခန္ဓာ ဘာသဘောတရားရှိပါလိမ့်၊ (မှတ်သားတဲ့သဘောပါဘုရား)၊ သင်္ခါရက္ခန္ဓာ ဘာသဘောတရားရှိပါလိမ့် (ပြုပြင်တဲ့သဘောပါဘုရား)၊ ဝိညာဏက္ခန္ဓာ ဘာသဘောတရားရှိပါလိမ့်၊ (သိတတ်တဲ့သဘောပါဘုရား)။

## သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်ပုံ

အဲဒီသဘောတရားလေးတွေက မြင်ရိုး၊ မြင်စဉ် မျက်စိနဲ့ ကြည့်လို့ရရဲ့လား၊ (မရပါဘူးဘုရား)၊ ဘာနဲ့မှ ကြည့်လို့ရမှာလဲ၊ ဉာဏ်နဲ့မှ ကြည့်လို့ရမှာပါနော်၊ ဒီလိုဆိုရင် မိမိရဲ့သန္တာန်မှာ ခန္ဓာငါးပါးဖြစ်နေတယ်၊ ခန္ဓာငါးပါးဖြစ်နေတာကို မမြင်သေးပါဘူး ဆိုရင် မိမိရဲ့ သန္တာန်မှာ မှန်ကန်သောအမြင် ဟုတ်ပြီလား၊ (မဟုတ်ပါဘူးဘုရား)၊ ခန္ဓာငါးပါးဖြစ်တာကို မြင်လာပြီဆိုရင် မိမိရဲ့ သန္တာန်မှာ မှန်ကန်တဲ့အမြင် ဖြစ်လာပြီဆိုရင် အဲဒါ တခြားလား၊ သမ္မာဒိဋ္ဌိလား (သမ္မာဒိဋ္ဌိပါဘုရား)၊ သမ္မာဒိဋ္ဌိဖြစ်လာပြီဆိုရင် သမ္မာဒိဋ္ဌိမဂ္ဂင်က တခြားတွေ့မှာလား၊ ခန္ဓာငါးပါးတွေ့မှာလား၊ (ခန္ဓာငါးပါးတွေ့မှာပါဘုရား)၊ အဲဒီ ခန္ဓာငါးပါးကရော ဖြစ်ပြီးရင် ပျက်စီးတဲ့ သဘောတရားမို့လို့ နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား)၊ စောစောတုန်းက ကိုယ့်ကိုယ်ကို ခိုင်တယ်၊ ခံ့တယ်၊

တည်တယ်၊ တန့်တယ်လို့ ထင်ထားတယ်၊ ယခု မှန်ကန်တဲ့ အမြင်နဲ့ ကြည့်လိုက်တဲ့အခါ နိုင်တယ်၊ ခန့်တယ်ဆိုတဲ့ သဘော တရားက ရှာလို့ရရဲ့လား၊ (မရပါဘူးဘုရား)၊ ဖြစ်လာတဲ့သဘော တရားဟာ ဖြစ်ပြီးရင် ပျက်မှာပဲ၊ ဖြစ်ပြီးရင် ဘာဖြစ်မှာတုန်း (ပျက်မှာပါဘုရား)၊ ပျက်မယ့်သဘောတရားတွေချည့်ပဲ၊ ဟုတ်တယ် မဟုတ်လား၊ ဖြစ်ပြီးရင် ပျက်မယ်၊ ဖြစ်လာတာက သင်္ခါရ၊ ပျက်သွားတာက အနိစ္စ၊ ဖြစ်လာတာက ဘာတရားလဲ (သင်္ခါရ)၊ ပျက်သွားတာက (အနိစ္စ)၊ အေး–သင်္ခါရနဲ့ အနိစ္စ သဘောတရား လေးတွေ၊ အမြဲတမ်းချုပ်ပျောက်ပျက်စီးနေတော့ သုခသဘော တရားလေးလား၊ ဒုက္ခသဘောတရားလေးလား (ဒုက္ခတရားလေးပါ ဘုရား)၊ မိမိရဲ့ သဏ္ဍာန်မှာ ဘာသဘောတရားလေးပဲပေါ်ပေါ်၊ သုခ သစ္စာလေးလား၊ ဒုက္ခသစ္စာလေးလား၊ (ဒုက္ခသစ္စာပါ)၊ သိတဲ့တရားလေးပေါ်လည်း ဒုက္ခသစ္စာ ခံစားတဲ့သဘောတရား လေးပေါ်လည်း ဒုက္ခသစ္စာ၊ ကောင်းတာ ခံစားတဲ့ သဘောတရား လေးကလည်း ဖြစ်ပြီးရင် ပျက်တတ်လို့ ဒုက္ခသစ္စာပဲ၊ ဒီလိုမဟုတ် လား၊ မကောင်းတာကို ခံစားပါတယ်ဆိုရင်လည်း ဖြစ်ပြီးရင် ပျက်တတ်လို့ သူကလည်း ဒုက္ခသစ္စာပဲ၊ ဘာသစ္စာလဲ၊ (ဒုက္ခ သစ္စာပဲ)၊ သြော်–ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက ကောင်းတာ ခံစားရင် သုခ၊ မကောင်းတာခံစားရင် ဒုက္ခ၊ လောကသမ္မုတိ အနေနဲ့ ဒီလိုသတ်မှတ်မထားဘူးလား၊ (သတ်မှတ်ထားပါတယ် ဘုရား)၊ ဒါပေမယ့် သစ္စာပေတံနဲ့ တိုင်းကြည့်လိုက်တဲ့အခါကျ တော့ ကောင်းသော ခံစားချက်ကလေးကလည်း ဖြစ်ပြီးရင်ပျက်

တတ်တာပဲ၊ မကောင်းသော ခံစားချက်ကလေးကလည်း ဖြစ်ပြီး ရင် ပျက်တတ်တာပဲ၊ တည့်တဲ့၊ မြဲတဲ့၊ နိုင်တယ်ခံ့တယ်ဆိုတဲ့ သဘောတရားတစ်စုံတစ်ရာရှိလား (မရှိပါဘူးဘုရား)၊ ဘယ် သဘောတရားပဲဖြစ်ဖြစ် ဖြစ်ပြီးရင် ပျက်မှာပဲ၊ ပျက်တတ်တဲ့ သဘောတရားရှိလို့ နိစ္စလား၊ အနိစ္စလား၊ (အနိစ္စပါဘုရား)၊ အနိစ္စတရားဖြစ်တဲ့အတွက် သုခသစ္စာလေးလား၊ ဒုက္ခသစ္စာလေး လား (ဒုက္ခသစ္စာပါဘုရား)၊ အဲဒီလိုဆိုရင် မိမိတို့ရဲ့ သဏ္ဍာန်မှာ ရုပ်သဘောပေါ်လည်း ဘာသစ္စာ (ဒုက္ခသစ္စာ)၊ နာမ်တရားပေါ် လည်း ဘာသစ္စာ (ဒုက္ခသစ္စာ)၊ ဩော်-ဒီလိုဆိုရင် တကယ့် သဘာဝအစစ်အမှန်က ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကို ဒုက္ခသစ္စာ ပါပဲလို့ အမှန်အတိုင်းသိလိုက်တဲ့အခါကျတော့ မိမိတို့မြင်လိုက်တဲ့ အမြင်လေးတွေ အမြင်မှားလား၊ အမြင်မှန်လား၊ အမြင်မှန်ပါ ဘုရား)၊ အမြင်မှန်လေးတွေရသလား မရဘူးလား (ရပါတယ် ဘုရား)၊ ကောင်းပြီ၊ ဒီလိုဆိုရင် အမြင်မှန်ရအောင် ဘယ်လို လုပ်ရမလဲမေးတော့ မိမိရဲ့သဏ္ဍာန်မှာရှိတဲ့ ခန္ဓာရဲ့သဘော မိမိ ခန္ဓာရဲ့ ဖြစ်ပျက်သဘော၊ ဖြစ်ပျက်အနိစ္စသဘော၊ အနိစ္စရဲ့ ဒုက္ခသစ္စာသဘော အဲဒီသဘောတရားလေးငွေကို ပကတိ အစစ် အမှန်၊ ပကတိ တည်ရှိသည့်အတိုင်း မှန်မှန်ကန်ကန် သိမြင် အောင် ကြိုးစားလိုက်ပါ၊ အဲဒီလို ကြိုးစားရင် သမ္မာဒိဋ္ဌိဖြစ်ပါ လိမ့်မယ်၊ ဒီလိုမဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲဒါကြောင့်မို့ တိုတိုကျဉ်းကျဉ်း ပြောရမယ်ဆိုရင် သမ္မာဒိဋ္ဌိ အသိဉာဏ်ရချင်ပါ တယ်ဆိုရင် ဒုက္ခသစ္စာမြင်အောင်ကြည့်၊ ဘာကြည့်ရမှာလဲ၊

(ဒုက္ခသစ္စာမြင်အောင် ကြည့်ရမှာပါဘုရား)၊ ဒုက္ခသစ္စာမြင်ရင် ဘာဉာဏ်ရမလဲ၊ သမ္မာဒိဋ္ဌိ အသိဉာဏ်ရမယ်၊ ဒီလိုမဟုတ်လား၊ (ဟုတ်ပါတယ်)၊ သမ္မာဒိဋ္ဌိအသိဉာဏ်တွေ မိမိတို့ရဲ့ သန္တာန်မှာ ရသွားမယ်ဆိုရင် လောကမှာ လူ့ဘုံ၊ လူ့ခန္ဓာကလည်း ချမ်းသာတယ်၊ ဘယ်လောက်ပဲ ပြောပြော သဘောအားဖြင့် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)၊ နတ်ဘုံ၊ နတ်ချမ်းသာကလည်း ဘယ်လောက်ပဲ ချမ်းသာပါတယ်ပြောပြော၊ သဘောအားဖြင့် (ဒုက္ခသစ္စာပါဘုရား)၊ သူကလည်း ဒုက္ခသစ္စာပဲမဟုတ်လား (မှန်ပါ့ဘုရား)၊ အေး-လူ့ဘုံ လူ့ချမ်းသာကလည်း ဒုက္ခသစ္စာ၊ နတ်ဘုံ နတ်ချမ်းသာကလည်း ဒုက္ခသစ္စာ၊ အကုန်လုံးသည် ဒုက္ခသစ္စာကြီးပါပဲလို့ တတန်းတစားတည်း မြင်လိုက်တဲ့အခါကျတော့ ဒီဒုက္ခလေးတွေ လိုချင်တဲ့စိတ်ပေါ်သေးလား၊ (မပေါ်တော့ပါဘုရား)၊ လိုချင်တဲ့ စိတ်မပေါ်တော့ဘူးနော်၊ ဘာဖြစ်လို့ လိုချင်တဲ့စိတ်မပေါ်သလဲမေးတော့ အမှန်မြင်သွားလို့၊ ဘာဖြစ်လို့လဲ (အမှန်မြင်သွားလို့ပါ)၊ အမှန်မြင်သွားလို့ အမှန်မြင်တာက သမ္မာဒိဋ္ဌိ၊ အဲဒီလို သမ္မာဒိဋ္ဌိဉာဏ်တွေ ရသွားပြီဆိုရင် အမှန်မမြင်အောင် ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာတရားလေးတွေ ကင်းမသွားဘူးလား၊ (ကင်းပါတယ်ဘုရား)၊ အမှန်မမြင်အောင် ဘယ်သူက ဖုံးကွယ်ထားတာလဲ (အဝိဇ္ဇာကပါ)၊ အဝိဇ္ဇာက ဒုက္ခကို ဒုက္ခမှန်း မသိအောင် ဖုန်းကွယ်ထားတယ်၊ (ဖုံးကွယ်ထားပါတယ်ဘုရား)၊ အဲဒီလို ဖုံးကွယ်တော့ ဒုက္ခကို ဒုက္ခမှန်းမသိတဲ့အတွက် သုခလို့ ထင်ပြီးတော့ တဏှာနဲ့ မသာယာလား (သာယာပါတယ်ဘုရား)၊

ဉပါဒါန်က မစွဲလမ်းဘူးလား (စွဲလမ်းပါတယ်ဘုရား)၊ အဝိဇ္ဇာ၊ တဏှာ၊ ဉပါဒါန် တရား ၃-မျိုးပေါင်းပြီး ဖုံးကွယ်တယ်၊ သာယာတယ်၊ စွဲလမ်းတယ်ဆိုတဲ့ အခါကျတော့ ပြန်ရရာရကြောင်း မလုပ်ဘူးလား၊ (လုပ်ပါတယ်ဘုရား)၊ အဲဒီလို လုပ်တာ အခြားလား။ ကမ္မဘဝလား (ကမ္မဘဝပါဘုရား)၊ ကမ္မဘဝတရားလေးနဲ့ အားထုတ်လိုက်တဲ့အခါကျတော့ ကမ္မဘဝ ပစ္စယာဇာတိ၊ ခန္ဓာငါးပါး မရဘူးလား၊ ရလား (ရပါတယ်ဘုရား)၊ ဘာသစ္စာတုန်း (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာရတယ်မဟုတ်လား၊ ဒါကြောင့် စောစောတုန်းက ပြောခဲ့တယ်၊ ဘယ်ခန္ဓာပဲရရ ဘယ်ဘဝပဲရောက်ရောက်၊ ဘာသစ္စာနဲ့နေရတာလဲ (ဒုက္ခသစ္စာနဲ့နေရတာပါ)၊ ဒုက္ခသံသရာ ကျင်လည်ရလား။ မကျင်လည်ရဘူးလား(ကျင်လည်ရပါတယ်ဘုရား)၊ ဒုက္ခသံသရာကျင်လည်ရခြင်း အကြောင်းတရားရှာကြည့်လိုက်တော့ တခြား တရားတွေ့သလား။ ကံတရားတွေ့သလား (ကံတရားတွေ့ပါတယ်ဘုရား)၊ အခု ဘုန်းကြီးတို့ တကာတကာမတွေက ဒုက္ခသံသရာ မကျင်လည်ချင်ပါဘူးဆိုရင် ကံအားကိုးရမလား၊ ဉာဏ်အားကိုးရမလား (ဉာဏ်အားကိုးရပါမယ်ဘုရား)၊ အဲဒီလို ဉာဏ်အားကိုးကြမယ်ဆိုရင် ဒုက္ခကို ဒုက္ခမှန်းသိအောင် ကြိုးစားချင်ပါတယ်ဆိုရင် တခြားကြည့်ရမှာလား။ ရုပ်နာမ်ကြည့်ရမှာလား၊ (ရုပ်နာမ်ကြည့်ရမှာပါဘုရား)၊ ရုပ်နာမ်ကြည့်တော့ တခြားတွေ့မှာလား။ ဖြစ်ပျက်တွေ့မှာလား (ဖြစ်ပျက်တွေ့မှာပါ)၊ ဖြစ်ပျက်က ဘာသစ္စာတုန်း။ (ဒုက္ခသစ္စာပါ)၊ ရုပ်တရားရဲ့ ဖြစ်ပျက်ကလည်း ဘာသစ္စာ (ဒုက္ခသစ္စာ)၊ နာမ်တရားရဲ့ ဖြစ်ပျက်

ကလည်း ဘာသစ္စာ (ဒုက္ခသစ္စာ)၊ ဖြစ်ပျက်မှန်သမျှ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါ)၊ ဟော–အမြင်မှန်]လေးတွေရသလား၊ မရဘူးလား (ရပါတယ်)၊ အမြင်မှန်လေးတွေ ရသွားတဲ့အခါကျတော့ လူချမ်းသာ၊ နတ်ချမ်းသာ လိုချင်တဲ့ စိတ်ကလေးတွေ ပေါ်သေးလား (မပေါ်တော့ဘူး)၊ ဒုက္ခကို ဒုက္ခမှန်းသိတဲ့အတွက် အဝိဇ္ဇာချုပ်တယ်၊ လိုချင်တဲ့စိတ် မပေါ်တော့ဘူးဆိုရင် တဏှာရော ချုပ်လား မချုပ်ဘူးလား (ချုပ်ပါတယ်)၊ တဏှာချုပ်ရင် ဥပါဒါန်ရော ချုပ်လား၊ မချုပ်ဘူးလား (ချုပ်ပါတယ်)၊ အဲဒီလိုချုပ်ရင် လူချမ်းသာ၊ နတ်ချမ်းသာ၊ နတ်ဘဝ၊ လူ့ဘဝ ဘယ်ဘဝရဲ့ ရကြောင်းအလုပ်ကိုမှ သူ မလုပ်တော့ဘူး၊ ဟုတ်တယ်မဟုတ်လား၊ ဘယ်ဘဝရဲ့ ရကြောင်းအလုပ်ကိုမှ မလုပ်တော့ဘူးဆိုရင် ကံကလေးတွေရော ချုပ်သလား၊ မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား)၊ ကံချုပ်သွားတာ အခြားကြောင့် ကံချုပ်သွားတာလား၊ ဉာဏ်အစားထိုးလို့လား (ဉာဏ်အစားထိုးလို့ပါ)၊ အဲဒီလို ဉာဏ်နဲ့ အစားထိုးလိုက်တော့ တဏှာလည်းချုပ်၊ ဥပါဒါန်လည်းချုပ်၊ ကမ္မဘဝတွေလည်း ချုပ်တဲ့အခါမှာ ကမ္မဘဝနိရောဓ၊ ဇာတိနိရောဓော၊ ဘဝတွေ မပြတ်ဘူးလား ပြတ်သွားလား (ပြတ်သွားပါတယ်ဘုရား)။

## ဒုက္ခငြိမ်းချင် ဉာဏ်ကိုအားကိုး

ဘဝပြတ်သွားခြင်းသည် တခြားပြတ်လား၊ ဒုက္ခသံသရာ ပြတ်တာလား၊ (ဒုက္ခသံသရာ ပြတ်တာပါဘုရား)၊ ဒုက္ခသံသရာ ပြတ်တာသည် တခြားအားကိုးလို့လား၊ ဉာဏ်အားကိုးလို့လား

(ဉာဏ်အားကိုးလို့ပါဘုရား)၊ အဲဒါကြောင့်မို့လို့ လိုရင်းထုတ်လိုက်တဲ့အခါကျတော့ ရှင်ဘုရင်ပဲဖြစ်စေ၊ စစ်သူကြီးပဲဖြစ်စေ၊ ကျွန်ပဲဖြစ်စေ၊ဘဝတွေအမျိုးမျိုးဖြစ်နေတာက ကံရဲ့အကျိုးပေး၊ကံအကျိုးပေးက သံသရာလည်တာ၊ သံသရာလည်ချင်ရင် ကံအားကိုး။ ဒုက္ခသံသရာ မကျင်လည်ချင်ပါဘူးဆိုရင် ဘာအားကိုးရမှာလဲ (ဉာဏ်အားကိုးရမယ်)၊ အေး-ဉာဏ်အားကိုးရမယ်၊ အဲဒါကြောင့် လောကမှာ သံသရာကျင်လည်တဲ့နေရာမှာ လမ်းက ဘယ်နှစ်လမ်းရှိလဲ၊ (နှစ်လမ်းရှိပါတယ်)၊ ဘာလမ်းနဲ့ ဘာလမ်းပါလဲ၊ (ကံလမ်းရယ်၊ ဉာဏ်လမ်းရယ်)၊ ကံလမ်းက သွားရင် သံသရာ ဘယ်လိုနေမလဲ (ရှည်မယ်)၊ ဉာဏ်လမ်းကသွားရင် သံသရာဘယ်လိုနေမလဲ (တိုမယ်)၊ ဘုန်းကြီးတို့ ယောဂီတွေက အရှည်ကြိုက်တဲ့ပုဂ္ဂိုလ်တွေလား။ အတိုကြိုက်တဲ့ပုဂ္ဂိုလ်တွေလား (အတိုကြိုက်တဲ့ပုဂ္ဂိုလ်တွေပါ)၊ အတိုကြိုက်တဲ့ပုဂ္ဂိုလ်တွေဆိုရင် ကံအားကိုးကြမှာလား။ ဉာဏ်အားကိုးကြမှာလား (ဉာဏ်အားကိုးကြမှာပါ)၊ ကံလမ်းကလျှောက်ကြမှာလား။ ဉာဏ်လမ်းကလျှောက်ကြမှာလား (ဉာဏ်လမ်းကလျှောက်ကြမှာပါ)၊ အေး-အဲဒါကြောင့်မို့လို့ သံသရာတိုအောင်ရပ်အောင် ကံလမ်းက မလျှောက်ကြဘဲ ဉာဏ်လမ်းက လျှောက်ကြပါ၊ဉာဏ်ကိုအားကိုးကြပါ၊မိမိတို့ရဲ့သန္တာန်မှာရုပ်၊နာမ် ဓမ္မသခါရသဘောတရားတွေရဲ့ ဖြစ်သဘောကိုလည်း မြင်အောင်ကြည့်ကြပါ၊ ပျက်သဘောကိုလည်းမြင်အောင် ကြည့်ကြပါ၊ ဖြစ်သဘော၊ ပျက်သဘောတွေ့လို့ အနိစ္စလက္ခဏာကိုလည်း မြင်အောင်ကြည့်ကြပါ၊ အနိစ္စလက္ခဏာတွေ့တဲ့အခါမှာ အနိစ္စ

လက္ခဏာက အနိစ္စသဘော၊ မြင်နေတာကဉာဏ်၊ နှစ်ခုပေါင်းလိုက်တော့ အနိစ္စလက္ခဏာဉာဏ်၊ အနိစ္စလက္ခဏာဉာဏ်နဲ့ ရုပ်နာမ်ခန္ဓာရဲ့ ဖြစ်ပျက် ဒုက္ခသစ္စာတရားတွေကို အမှန်အတိုင်း မြင်အောင် ကြိုးစားပြီးသကာလ ဖြစ်ပျက်တွေမြင်၊ ဖြစ်ပျက်တွေမုန်း၊ ဖြစ်ပျက်တွေဆုံးပြီးတော့ အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိတဲ့ ဒုက္ခအားလုံးတို့ရဲ့ ကုန်ဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကို ဒီဘဝ၊ ဒီခန္ဓာဖြင့် ရအောင်၊ ရောက်အောင် မျက်မှောက်ပြုနိုင်အောင်၊ ကျင့်ကြံ၊ ကျိုးကုတ်၊ အားထုတ်နိုင်သော သူတော်ကောင်း ပုဂ္ဂိုလ်အပေါင်းများ ဖြစ်ကြပါစေလို့ ပတ္ထနာမှု ပြုရင်းနဲ့ အေး–သာဓု–သာဓု–သာဓု (၃)ကြိမ်ခေါ်ကာ တရားပွဲနိဂုံးချုပ်ကြဦးစို့။

သာဓု–သာဓု–သာဓု–ပါဘုရား။

အေး–ကျန်းမာချမ်းသာစွာဖြင့် မြတ်စွာဘုရား၏ သာသနာတော်သုံးရပ်ကို နေလသဖွယ် တင့်တယ်အောင် ပြုစုစောင့်ရှောက် ထောက်ပံ့နိုင်သော သာသနာပြုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေ။

ဆရာတော်ဘုရားလည်း ကျန်းမာချမ်းသာစွာဖြင့် သာသနာ ပြုနိုင်ကြပါစေ။

ကျိုက္ကလော့ဆရာတော် ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
ပထမကျော်၊ သ–စ–အ ဓမ္မာစရိယ၊
မဟာဝိဇ္ဇာ( သိရိလင်္ကာ )

လောကမှာ ကံထမ်းလာတာကို မမြင်ရ၊

လုံ့ထမ်းလာတာကိုသာ မြင်ရတယ်လို့ ဆိုပါတယ်၊

ကံဆိုတာ ပြုပြီးရင် သတ္တိသဘောနဲ့ ငုတ်လျှိုးနေတာပါ၊

အခွင့်သာတဲ့ အချိန်ကျမှ ပေါ်ပါတယ်၊

ဘယ်အချိန် ပေါ်လာမှန်းမသိတဲ့ ကံရဲ့အကျိုးပေးကို

မျှော်လင့်စောင့်စားရင်း အချိန်ကုန်နေမည့်အစား

ဉာဏ်နဲ့ ဝိရိယကို အပေါ်ပြုထားကြရင်

မကောင်းကံရဲ့ မကောင်းကျိုးကို

ဟန့်တားနိုင်မှာ ဖြစ်သလို ကောင်းကံရဲ့

ကောင်းကျိုးကိုလဲ ဖွံ့ဖြိုးလာစေနိုင်မှာပါ။

ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ

JG